PDF Compressor Pro

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂) အမှတ် (၁၄၂)

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ အင်္ဂါနေ့။

တိမ်အသင့်အတင့်

၁၉-၂-၂၀၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးဖွံ့ဖြိုးရေးဒေသ (၁၈)ခုတို့၌ ဆောင်ရွက်လျက်ရှိ

နေပြည်တော်   ဖေဖော်ဝါရီ   ၁၈

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၆) ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်က ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် မူဝါဒ (၂)ရပ်၊ ရည်မှန်းချက် (၃)ရပ်နှင့် မူဝါဒ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၂၆) ခု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း(မူကြမ်း)တွင် မူဝါဒ (၂)ရပ်၊ ရည်မှန်းချက်(၃)ရပ်နှင့် ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၁၈) ရပ်တို့ဖြင့် ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြင်ဆင်ရေးဆွဲပြီးဖြစ်သော ဥပဒေမူကြမ်းများကိုလည်း အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ၊ စိစစ်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာကော်မတီများသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်နှင့်ပတ်သက်၍ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးထွန်းကျော်က *စာမျက်နှာ ၇ ကော်လံ ၁*

ယနေ့ မာတိကာ

ကမ္ဘာ့နိုင်ငံများ အလယ်တွင် မြန်မာဟော့ဟုဂ်ကိုယူဖွံ့ကြွားနိုင်ရန် စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် ကြိုးပမ်းအားထုတ်ကြပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်ရမည်

ခေါင်းကြီး — စာ-၂

ရှမ်း၌ ပေါက်ကွဲဥက္ကာခဲ အပိုင်းအစများ ရောင်းချရန် ဒေသခံတို့ စီစဉ်နေ

စာ-၄

ချယ်လ်ဆီးတို့ ဘရက်ဖို့ဒ်ကို ဂိုးပြတ်သွင်း

စာ-၁၃

အာရှလမ်းမကြီး အမှတ် (၁) မြဝတီမှစ၍ ထိုင်းကုမ္ပဏီတစ်ခုက တာဝန်ယူဖောက်လုပ်နေ

ကော့ကရိတ်မှ ပြည်တွင်းကားလမ်းများကိုဝင်ကာ ပခုက္ကူတံတားကိုဖြတ်၍ တမူးတွင် အဆုံးသတ်မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ခရမ်းစိုးမြင့်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ (ASEAN) တွင်ပါဝင်ပြီး တောင်အာရှနိုင်ငံများ၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ (SAARC) လည်းဖြစ်၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေးဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများ (BIMSTEC)နှင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ (BCIM) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

ထို့ကြောင့် ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ဆက်သွယ်သည့် အာရှအာဆီယံလမ်းမကြီးများ၊ မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန်လမ်းများနှင့် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးများအပြင် ပလက်ဝနယ်စပ် ကားလမ်းဖောက်လုပ်ရေးနှင့် ကုလားတန်မြစ်ကြောင်း ပြုပြင်ရေးစီမံကိန်းများရှိသည်။

၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာရှလမ်းမကြီးများ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး အာရှလမ်းမကြီးကွန်ရက်ဆိုင်ရာ နိုင်ငံတကာအစိုးရအချင်းချင်း သဘောတူညီချက်(မူကြမ်း)ကို ညှိနှိုင်းရေးဆွဲခြင်းနှင့် ၂၀၀၄ ခုနှစ် ဧပြီ ၂၈ ရက်က ရှန်ဟိုင်းမြို့တွင် ကျင်းပသည့်ကော်မရှင်၏ အကြိမ် (၆၀) မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် အာရှလမ်းမကြီးများ *စာမျက်နှာ ၈ ကော်လံ ၁*

အာရှလမ်းမကြီး အမှတ်(၁) ဖောက်လုပ်ရေးမြေသားလုပ်ငန်းခွင်ကို ကရင်ပြည်နယ် ဒေါနတောင်ခြေတစ်နေရာ၌ ဤသို့တွေ့ခဲ့ရသည်။

မှန်ဒေါက်တာ နှင့် ကိုဘဆောင်း

[illegible]

မှန်ဒေါက်တာ အမှတ် ၁၄၄၊ မြင်တော်သာလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတ၊ (မြေရာနာ ရွှေဂုံတိုင်နှင့် မျက်နှာချင်းဆိုင်)

ဖုန်း - 09-4211 51119, 09-4500 54449   www.mhanDoctor.com

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ

အားကစားကို မြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။ အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။ အားကစား တိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းကို ဖော်ညွှန်းနေသည်။ အားကစားသမားများသည် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို ကမ္ဘာ့အလယ်တွင် မြှင့်တင်ကြရမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲကြီးသည်လည်း တဖြည်းဖြည်းနှင့် နီးကပ်လာပြီဖြစ်ကာ အချိန်အားဖြင့် ကိုးလခန့်သာ ကျန်ရှိတော့သည်။ "မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့" ဆောင်ပုဒ်နှင့်အညီ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံအသီးသီးမှ ရောက်ရှိလာမည့် အားကစားအဖွဲ့များ၊ ဧည့်သည်တော်များအား မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းမြင့်မားမှုကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကိုလည်း ပြုလုပ်လျက်ရှိရာ နိုင်ငံတကာအဆင့်မီ အားကစားကွင်းများ၊ အားကစားရုံများသည်လည်း ပြီးစီးတော့မည်ဖြစ်သည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပေသည်။ အားကစားပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေး၊ ဆုချီးမြှင့်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် ပြန်ကြားရေး စသည့် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအား ပြည်တွင်း၊ ပြည်ပနည်းပြများ၊ ခေတ်မီအားကစားနည်းစနစ်များဖြင့် အားကစားလေ့ကျင့်ရေးစခန်းများ၌ လေ့ကျင့်ပေးမှုများကို ပြုလုပ်ပေးလျက်ရှိရာ အားကစားသမားများသည် ဝီရိယစိုက်ထုတ်၍ မလျှော့သောစွဲဖြင့် လေ့ကျင့်မှုများကို စွမ်းရည်တိုးတက်ရန် ကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရမည်ဟူသော စိတ်ဓာတ်ကြံ့ခိုင်မှုဖြင့် လေ့ကျင့်ပြင်ဆင်ထားကြရမည်ဖြစ်သည်။

အားကစားသည် မတူညီသောယဉ်ကျေးမှုများနှင့် နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို ဆောင်ကြဉ်းပေးနိုင်သည့် အထိရောက်ဆုံးသော သံတမန်နည်းလမ်းပင်ဖြစ်သည်။ မျှတညီညွတ်မှုနှင့် အားကစားစိတ်ဓာတ်ရှိမှုတို့ကို အခြေခံသဖြင့် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားအားလုံးသည် အားကစားသမားကောင်းများ၏ အမူအကျင့်၊ ပင်ကိုစွမ်းရည်များ ဖော်ထုတ်ပြသ၍ ရောက်ရှိလာမည့် နိုင်ငံတကာမှ အားကစားသမားအချင်းချင်း ချစ်ခင်ရင်းနှီးစွာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်ရှင်းစွာ ယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲကြီးသည် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်မည်ဖြစ်သောကြောင့် အောင်နိုင်ရေးအလံများ လွှင့်ထူနိုင်ပြီး ကမ္ဘာ့နိုင်ငံများအလယ်တွင် မြန်မာဟေ့ဟု ဂုဏ်ယူဝံ့ကြွားနိုင်ရန် စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် ကြိုးပမ်းအားထုတ်ကြပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချ၍ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ကျန်းမာရေးအလှူတော်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၆ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ လောကနန္ဒာစေတီတော်မြတ်ပရိဝုဏ်အတွင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းတို့၏ ကျန်းမာရေးအလှူတော်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် တာဝန်ရှိသူတို့က မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကက ဩဝါဒစကားချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌက ကျန်းမာရေးအလှူတော် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဆေးကုသမှုခံယူလျက်ရှိသောလူနာများအား ကြည့်ရှုအားပေးပြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသပြီးသော လူနာများအား မျက်မှန်များတပ်ဆင်ပေးကြကာ မျက်စိခွဲစိတ်ကုသနေမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းကျန်းမာရေးအလှူတော်သည် သာယာဝတီခရိုင်အတွင်းရှိ ရှစ်မြို့နယ်မှ လူနာများအား ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ဝန်ထမ်းရပ်ကွက်များ မော်တော်ယာဉ်လိုင်းရှိပြီး လိုင်းကားမရှိ သက်ဆိုင်ရာက ကမကထပြု ဆောင်ရွက်ပေးရန်မျှော်လင့်နေကြ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်က မြန်မာ့အလင်းသတင်းစာ၌ ပျဉ်းမနားမထသ(မြို့တွင်း)မှ စီစဉ်ပေးမှုဖြင့် နေ့စဉ် နံနက် ၉ နာရီမှစ၍ တစ်စီးနှင့်တစ်စီး မိနစ် ၃၀ ခြားကာ ဂိတ်စဂိတ်ဆုံး ငွေကျပ် ၃၀၀၊ အတက်အဆင်း ငွေကျပ် ၂၀၀ သတ်မှတ်ကာ မြို့မဈေးမှ သဇင်ဆောင်၊ အထက(၇)၊ အထက(၉)နှင့် ချယ်ရီဈေးအထိ လိုင်းကားပြေးဆွဲပေးမည့် သတင်းကြောင့် ဝန်ထမ်းများ၊ မိသားစုများ၊ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြရသည်။

"နိုင်ငံ့ပိုင် သတင်းစာမှာပါလာပြီး ရက်ပိုင်းတော့ လိုင်းကားလာပါတယ်။ နောက်တော့ ဘယ်လိုင်းကားမှမလာတော့ဘူး"ဟု ရပ်ကွက်နေဝန်ထမ်းများက ပြောသည်။

နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းများ၊ မိသားစုများနှင့် ဒေသခံပြည်သူများနေထိုင်ရာ မြို့နယ်များတွင် မြို့ပြအင်္ဂါရပ်နှင့်အညီ မြို့တွင်းသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများ အပြည့်အဝမရှိခြင်းတို့ကြောင့် ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ဈေးတို့ကို သွားလာရာတွင် အခက်အခဲများနှင့် နေ့စဉ်တွေ့ကြုံနေရသည်။

လိုင်းကားကို အဓိကအားကိုးအားထားပြုနေရသူများဖြစ်သည့် ဝန်ထမ်းများ၊ မိသားစုများနှင့် ဒေသခံပြည်သူများသည် အဆင်မပြေမှုများ၊ စိတ်ညစ်ညူးဖွယ်ရာများ ဖြစ်ရကြောင်း သိရသည်။

ဝန်ထမ်းရပ်ကွက်တိုင်းမှာရှိသည့် ဈေးများမှာလည်း ဈေးသည်များက "လိုင်းကားမရှိတော့ တက္ကစီတို့၊ ဆိုင်ကယ်ကယ်ရီတို့ငှားပြီး လာကြ၊ ပြန်ကြရတယ်။ ဒါ့ကြောင့် သယ်ယူခစရိတ်အတွက် ရောင်းကုန်ပစ္စည်း ပေါ်မှာ ဈေးနှုန်းပိုယူရတယ်"ဟု ပြောကြားကြသကဲ့သို့ ဝန်ထမ်းများမှာလည်း အစစအရာရာ မသက်သာကြောင်း ညည်းတွားသံများကြားရသည်။ အခြေခံလူတန်းစားများဖြစ်ကြသော ဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်သူများအတွက် သွားရေးလာရေးအခက်အခဲများပြေလည်စေရန် အထူးလိုအပ်နေသည့် လိုင်းကားများကို သက်ဆိုင်ရာက ကမကထပြု ဆောင်ရွက်ပေးစေလိုပါကြောင်း" မျှော်လင့်လျက်ရှိကြသည်။ **မောင်မောင်သန်း(ကော့မှူး)**

ပဲခူးမြို့၌ မီးပွိုင့်များ ထပ်မံလိုအပ်နေပါသည်

ထင်သာမြင်သာ ပြုပြင်စရာ

ပဲခူးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော ပဲခူးမြို့ပေါ်တွင် ယခင်က ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ရှင်စောပုလမ်းနှင့် ရွှေမော်ဓောဘုရားလမ်းထောင့် သီရိဟံသာခန်းမအနီးတွင်သာ မီးပွိုင့်တစ်ခုရှိခဲ့သည်။ နောက်ပိုင်းတွင် ရန်ကုန်-မန္တလေးလမ်းနှင့် သနပ်ပင်လမ်းဆုံ ယာဉ်အသွားအလာ ရှုပ်ထွေးသောနေရာတွင် ဒုတိယမြောက်မီးပွိုင့်တစ်ခု ထပ်မံတပ်ဆင်လိုက်ရာ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနေကြသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့မြင်ရသည်။ **(ယာပုံ)**

ယခုအခါ ဥဿာမြို့သစ် ရာဇဓိရာဇ်လမ်း(မဟာမြိုင်လမ်း)နှင့် ပဲခူး-ရန်ကုန်လမ်းဆုံတွင် မီးပွိုင့်အသစ်တစ်ခု ထပ်မံတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ ပဲခူးမြို့၏ အနေအထားအရ ဆိုပါလျှင် ထပ်မံတိုးချဲ့၍ မီးပွိုင့်တပ်ဆင်ရန် လိုအပ်သည်မှာ မီးရထားကုန်းတံတားအဆင်းမဇင်း(၁)လမ်းဆုံနှင့် ဗန္ဓုလလမ်း-သနပ်ပင်လမ်းဆုံတို့သည် ယာဉ်သွားယာဉ်လာထူထပ်ပြီး ယာဉ်အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် မီးပွိုင့် ပိုမိုလိုအပ်ပါကြောင်း မြို့လူထုက ဆန္ဒပြုကြပါသည်။ **(စိန်လှိုင်ဗိုလ်)**

မြန်မာ – အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများအလိုက် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အိန္ဒိယသမ္မတနိုင်ငံ Bengal Chamber of Commerce and Industry (BCCI)မှ စီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ကုန်သည်/စက်မှုအသင်းချုပ် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဌာန ဖုန်း-၂၁၄၃၄၄~၄၉ Ext-၁၂၂၊ ၃၀၁ တို့ကို ဆက်သွယ်အမည်စာရင်း ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေး၊ လူမှုရေးကြော်ငြာများ ထည့်သွင်းလိုလျှင် မြန်မာ့အလင်း သို့ ဆက်သွယ်ပါ။



ကွန်ပျူတာနှင့်အင်တာနက် အချိန်ကြာမြင့်စွာ သုံးစွဲလျှင် မျက်စိနှင့် ဦးနှောက်ကျန်းမာရေး ထိခိုက်နိုင်

နေ့စဉ် ကွန်ပျူတာနှင့် အင်တာနက်ကို အချိန်ကြာမြင့်စွာ အသုံးပြုသူများသည် မျက်စိကျန်းမာရေးနှင့် ဦးနှောက်နှာ့ဗ်ကြောများကို ထိခိုက်နိုင်ကြောင်း ဗြိတိန်နိုင်ငံမှ ကျန်းမာရေးသုတေသနပညာရှင်များက ပြောကြားသည်။

ပြောကြား

ကွန်ပျူတာနှင့် အင်တာနက်ကို တစ်နေ့လျှင် လေးနာရီကြာမျှ အသုံးပြုလေ့ရှိသူများသည် မျက်ကြည်လွှာများ ထိခိုက်ပျက်စီးကာ ဦးနှောက်နှာ့ဗ်များ ထိခိုက်မှုရှိကြောင်း၊ နှစ်အတန်ကြာ လေ့လာသုတေသနပြုချက်များအရ ၎င်းတို့က ပြောကြားသည်။

တွေ့ရှိခဲ့

ကွန်ပျူတာနှင့် အင်တာနက် ဖန်သားပြင်တို့မှ ရောင်ခြည်ဖြာထွက်မှုများသည် ဦးနှောက်နှာ့ဗ်ကြောများကို ရောင်ရမ်းမှုဖြစ်စေကာ ပုံမှန်လုပ်ငန်းများကို မဆောင်ရွက်တော့ကြောင်း အင်တာနက်နှင့် ကွန်ပျူတာ အသုံးပြုသူ လူ ၄၀၀၀၀ ကျော်အား ၁၀ နှစ်ကြာ သုတေသနပြုခဲ့ရာမှ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အရဏ်ဦး-ရေးသည်

အဆိုပါ ကွန်ပျူတာနှင့် အင်တာနက်အသုံးပြုသူများသည် ဆက်တိုက်နာရီများစွာ အသုံးပြုပါက ဦးနှောက်ဆဲလ်များလည်း ထိခိုက်ပျက်စီးနိုင်ကြောင်း၊ အသက်အရွယ်ရရှိလာပါက မှတ်ဉာဏ်ချို့ယွင်းမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။ **(ဆင်ဟွာ)**

မြန်ပြည်တစ်ခွင် သာစေချင် မီး တွင် မပေါ့နှင့်



PDF Compressor Pro

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌအား အမေရိကန်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ရေး ရင်းနှီးစွာအမြင်ချင်းဖလှယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မိန်းအား အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီမှ ညွှန်ကြားရေးမှူး Dr. David Yang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီအဆောင် အမှတ် ၂၀ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကြား တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကိစ္စများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဥပဒေများရေးဆွဲပြဋ္ဌာန်းမှုအတွေ့အကြုံများ အပြန်အလှန်ဖလှယ်ရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဦးအောင်ငြိမ်းနှင့် ဒေါ်နန်းနီနီအေး၊ ကော်မတီအတွင်းရေးမှူး ဦးဌေးမောင်နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကမကထပြုမည့်အဖွဲ့များ၊ကြော်ငြာ၊ မော်တော်ယာဉ်နှင့် ဆုတံဆိပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်၍ ပြင်ဆင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်၊ ယခုအစည်းအဝေးတွင် အားကစားပြိုင်ပွဲနှင့်ဆက်စပ်နေသည့် လုပ်ငန်းအဝဝ၌ ကမကထပြုမည့် နိုင်ငံတကာလုပ်ငန်းရှင်များအား ရှာဖွေရမည့်နည်းလမ်းများကိုဆွေးနွေးရန်နှင့် ဘဏ္ဍာငွေရှာဖွေခြင်း၊ သုံးစွဲခြင်းလုပ်ငန်းအားလုံး ပွင့်လင်းမြင်သာမှုရှိရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယနေ့ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကမကထ (Sponsor) ပြုမည့်အဖွဲ့များ၊ ကြော်ငြာ၊ မော်တော်ယာဉ်နှင့် ဆုတံဆိပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက အားကစားပွဲလုပ်ငန်းများတွင် နိုင်ငံတကာ ကမကထပြုသူ လုပ်ငန်းရှင်များအား တင်ဒါဖိတ်ခေါ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများကဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပညာရေးကဏ္ဍတိုးတက်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပညာရေးကဏ္ဍကို စနစ်တကျ ပြောင်းလဲမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းများအား ရန်ကုန်မြို့၌ သီးခြားရုံးဖွင့်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာမှစ၍ ဖွံ့ဖြိုးမှုအတွက် အကူအညီပေးမည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရေးနှင့် ဆက်နွယ်နေသည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုဆွေးနွေးပွဲတွင် မူလတန်း အဆင့်ကျောင်းအပ်နှံရာ၌ အသက်ကန့်သတ်ချက်ကို ငါးနှစ် (သို့မဟုတ်) ခြောက်နှစ်မှ စတင်လက်ခံရေး၊ အခြေခံပညာရေး၏ Structure ကို (၅-၄-၂) (သို့မဟုတ်) (၅-၄-၃) သတ်မှတ်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲကို သီးခြားခွဲထုတ်ရန် သင့်၊ မသင့်စသည့် မူဝါဒဆိုင်ရာ အဆုံးအဖြတ်ပေးရန်လိုအပ်သည့် သတ်မှတ်ချက်များအပေါ် အကျေအလည် ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်ချနိုင်ရန် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ပြောကြား

ဆွေးနွေးပွဲအပြီး ရရှိလာသည့် ဆုံးဖြတ်ချက်များကို ထပ်မံဆွေးနွေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်များသို့တင်ပြ အတည်ပြုခြင်းများဆောင်ရွက်ပြီးမှသာ နိုင်ငံတစ်ဝန်းလုံးမှာ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ကျင်းပသည့် အခြေခံပညာရေးကဏ္ဍ တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ အငြိမ်းစားဆရာ ဆရာမကြီးများနှင့် ပညာရှင်များက အခြေခံပညာရေးကဏ္ဍတိုးတက်ရေး အတွက် ကဏ္ဍအလိုက်ဆွေးနွေး တင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၁၃ (အင်္ဂါနေ့)

၅:၀၀	အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါတရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ ပျော့ရှင်မှု** (အပိုင်း-၂၄)
၁၁:၄၀	နှင်းမှုန်ဝေစီကိုရာသီလရယ်တဲ့ တပို့တွဲနဲ့ကြလေပြီ ထမနဲပွဲ
၁၂:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၂၄)
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၁၀၅)
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၁၀၆)
၇:၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ **(အသည်းကင်ဆာအကြောင်း သိကောင်းစရာ)** (အပိုင်း-၁)
၈:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော့ရှင်မှု** (အပိုင်း-၂၅)
၉:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၂၅)
၉:၄၅	**Sunday Talk** (ဒေါက်တာခင်မောင်ညို၊ မျိုးမြတ်သူ
၁၀:၂၅	world of knowledge (Ancient X Files: Secrets of the Dark Arts)
၁၁:၁၅	Motivation Talk (Intelligent (၅)မျိုး)
၁၁:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၅၀	ဟင်းချက်ရအောင်
၁၂:၁၅	ခံစားမှုရသစုံလင်··· အမျိုးသားကန်တော်ကြီးဥယျာဉ်
၂:၁၅	**နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၄:၂၀	နှလုံးကျန်းမာ အသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း) (ပါမောက္ခ ဒေါက်တာမြသိန်းဟန်)
၄:၄၅	ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အား ပူဇော်ပါ၏ဘုရား

မြောက်ပိုင်းဒေသများ ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၉ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့နှင့် ကသာမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ၃၆ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

လှည်းတန်းခုံးကျော်တံတား သံပေါင်တပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည် လမ်းကြောင်းအချို့ ခေတ္တပိတ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှကြီးကြပ်၍ ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းတွင် လှည်းတန်းလမ်းဆုံနေရာ၌ တံတားသံပေါင်တင်ခြင်းလုပ်ငန်းအား ဖေဖော်ဝါရီ ၁၈ မှ ၂၀ ရက် အထိ ညစဉ် ည ၁၁ နာရီမှ နံနက် ၄ နာရီအထိ လမ်းကြောင်းများပိတ်၍ ဆောင်ရွက်မည်ဖြစ်သည်။ လမ်းကြောင်းပိတ်မည့် လှည်းတန်းလမ်းဆုံ ယာဉ်ကြောများမှာ ရန်ကုန်မှ တက္ကသိုလ်ရိပ်သာလမ်း (အသွား/အပြန်)၊ ရန်ကုန်မှ ပြည်လမ်း(အသွား/အပြန်)၊ ရန်ကုန်မှ အင်းစိန်လမ်း (အသွား/အပြန်)၊ ရန်ကုန်မှ လှည်းတန်းလမ်း (အသွား/အပြန်)၊ တက္ကသိုလ်ရိပ်သာလမ်းမှ အင်းစိန်လမ်း (အသွား/အပြန်)၊ တက္ကသိုလ်ရိပ်သာလမ်းမှ လှည်းတန်းလမ်း (အသွား/အပြန်)၊ ပြည်လမ်းမှ လှည်းတန်းလမ်း (အသွား/အပြန်)၊ ပြည်လမ်းမှ တက္ကသိုလ်ရိပ်သာလမ်း (အသွား)၊ အင်းစိန်လမ်းမှ ပြည်လမ်း (အသွား) နှင့် လှည်းတန်းလမ်းမှ အင်းစိန်လမ်း(အသွား)တို့ ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ရုရှား၌ ပေါက်ကွဲဥက္ကာခဲအပိုင်းအစများ ရောင်းချရန် ဒေသခံတို့စီစဉ်နေ

မော်စကို ဖေဖော်ဝါရီ ၁၈

ရုရှားဥက္ကာခဲ ပေါက်ကွဲမှုဖြစ်ပြီး နောက်ပိုင်း နာရီအနည်းငယ်အတွင်း ၌ ဥက္ကာခဲပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ယူရယ်တိုယာဒေသတွင်းနေ ဒေသခံများက ကြွေကျဥက္ကာခဲများ၏ အပိုင်းအစများကို စုဆောင်းကာ စာရင်းပြုစုပြီး ရောင်းချရန် ပြင်ဆင်နေသည်။

ကြံစည်နေ

တစ်သက်နှင့်တစ်ကိုယ် မမျှော်လင့်နိုင်သော ဥက္ကာခဲ လေထုတွင်း ပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူ အချို့ရှိသလို ထိုဥက္ကာခဲကြွေအပိုင်းအစများကို ရောင်းချရန် ကြံစည်နေသူများလည်းရှိနေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖြစ်ပွား

ဖေဖော်ဝါရီ ၁၅ ရက်က ရုရှားနိုင်ငံ ယူရယ်တောင်တန်းဝန်းကျင်ဝေဟင်ထက်တွင် ကြီးတောင့်ကြီးခဲ ဥက္ကာခဲကြွေကျစဉ် လေထုတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ထိုဥက္ကာခဲ၌ ဖြတ်သန်းသွားရာ အရှေ့အလျင်သည် တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀ နှုန်း ဖြင့် မြေပြင်အထက်ဝေဟင်တွင် မျဉ်းပြိုင်ထိုးဆင်းပြီး ဝေဟင်တွင်ပင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဥက္ကာခဲပေါက်ကွဲမှုအရှိန်ကြောင့် အသံမြည်ဟိန်းပြီး တုန်ဟည်းသွားကာ တုန်ခါလှိုင်းဖြစ်ပေါ်၍ အဆောက်အအုံများစွာ ပျက်စီးခဲ့သည်။ **(ဝဲပုံ)** ဥက္ကာခဲပေါက်ကွဲပြီးနောက် မီးလုံးမီးပွင့်များ လွင့်စဉ်ကျရောက်ခဲ့သဖြင့် ဒဏ်ရာရသူ ၁၀၀၀ ကျော်ထက် မနည်း ရှိခဲ့သည်။ **(ဆင်ဟွာ)**

ပြင်သစ်နှင့်မာလီတပ်ဖွဲ့ဝင်များ ဘော်ရမ်မြို့ကို တိုက်ခိုက်သိမ်းယူ

ပါရီ ဖေဖော်ဝါရီ ၁၈

ပြင်သစ်နှင့် မာလီတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်တိုက်ခိုက်ရေးသမားများအား စစ်ဆင်ရေးများဆောင်ရွက်ပြီးနောက် မာလီရှိ ဘော်ရမ်မြို့ကို သိမ်းယူခဲ့ကြောင်း ပြင်သစ်အစိုးရအရာရှိများ၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၁၇ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဂါအိုမြို့မြောက်ပိုင်းမှ ၉၅ ကီလိုမီတာခန့်အကွာ၌ တည်ရှိသော အဆိုပါ မဟာဗျူဟာကျသည့် ဘော်ရမ်မြို့ကို ဖေဖော်ဝါရီ ၁၇ ရက်က စစ်ဆင်ရေးများဆောင်ရွက်စဉ် အတွင်း သိမ်းပိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်ဦးဆောင်သော တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်သည် အဆိုပါမြို့တွင် နေရာယူမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ ပြင်သစ်အစိုးရအရာရှိတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ပြင်သစ်နှင့် မာလီတပ်ဖွဲ့ဝင်များသည် ဘော်ရမ်မြို့ကို ထိန်းချုပ်သိမ်းယူပြီးနောက် တိုက်ခိုက်ရေးသမားအချို့မှာ ပြည်သူများအကြား ပုန်းကွယ်နေခဲ့ကြောင်း၊ ယင်းနေ့မှာပင် ဂါအိုမြို့မြောက်ပိုင်း အစိုးရတပ်ဖွဲ့စစ်ဆေးရေးဂိတ်အနီးတွင် ပြင်းထန်သော ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများ၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြင်သစ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက်က ဂါအိုမြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ဒေသတွင်း တိုက်ခိုက်ရေးသမားများ ရှာဖွေမှုကို တစ်အိမ်ဆင်းတစ်အိမ်တက် လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

နိုင်ဂျီးရီးယား၌ဆောက်လုပ်ရေးကုမ္ပဏီကိုတိုက်ခိုက် နိုင်ငံခြားသားအလုပ်သမားခုနစ်ဦး ပြန်ပေးဆွဲခံရ

ဂျာမာ ဖေဖော်ဝါရီ ၁၈

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် လက်ဘနွန်နိုင်ငံသား ပိုင်ဆိုင်သော ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုရှိ ယာယီအလုပ်သမားစခန်းတစ်ခုကို တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို ပစ်သတ်ခဲ့ပြီး နိုင်ငံခြားသားအလုပ်သမားခုနစ်ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၁၈ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုသည် ဘော်ချီပြည်နယ် ဂျာမာမြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလက်နက်ကိုင်များသည် ဆက်ထရာကို ဆောက်လုပ်ရေးကုမ္ပဏီအား တိုက်ခိုက်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံသား တစ်ဦး၊ အီတလီနိုင်ငံသားတစ်ဦးနှင့် လက်ဘနွန်နိုင်ငံသားလေးဦးတို့ပါဝင်သည့် နိုင်ငံခြားသားခုနစ်ဦးကို ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့အရာရှိများ၏ ပြောကြားချက်အရ သိရသည်။

ပြန်ပေးဆွဲခံရသူအားလုံး ခုနစ်ဦးရှိသည်ဟု မိမိတို့သတင်းပေးပို့ချက်တစ်ရပ်ကိုလက်ခံရရှိခဲ့ကြောင်း ဘော်ချီပြည်နယ် ရဲတပ်ဖွဲ့ခေါင်းဆောင် ဟတ်စန်အော်ယိုက ပြောကြားခဲ့သည်။ ပြန်ပေးဆွဲခံရသူ အမျိုးသားတစ်ဦးမှာ အီတလီနိုင်ငံသား ဖြစ်သည်ဟု မိမိတို့ အတည်ပြုထားကြောင်း၊ ယခုတိုက်ခိုက်မှုကိစ္စနှင့်ပတ်သက်ပြီး နိုင်ဂျီးရီးယားအာဏာပိုင်နှင့် အမြဲတမ်းအဆက်အသွယ် ပြုလုပ်လျက်ရှိကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၇ ရက်ထုတ်ပြန်ချက်တစ်ရပ်၌ ပြောကြားသည်။

၎င်းပြန်ပေးဆွဲမှုကို မည်သည့်အုပ်စုကမျှ ၎င်းတို့၏လက်ချက်ဖြစ်သည်ကို ဝန်ခံပြောကြားခြင်းမရှိကြောင်း၊ သို့သော်လည်း နိုင်ဂျီးရီးယားနိုင်ငံတွင် ယင်းကဲ့သို့ တိုက်ခိုက်မှုဖြစ်ရပ်များကို အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုနှင့် ဘိုကိုဟာရမ်းများတို့က လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

ယခုပြန်ပေးဆွဲမှုသည် နိုင်ဂျီးရီးယားမြောက်ပိုင်းတွင် လောလောဆယ်အချိန်၌ အကြီးမားဆုံးပြန်ပေးဆွဲမှုဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းထောက်များက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ကဒါဖီဖြုတ်ချမှု နှစ်နှစ်ပြည့်

ထရီပိုလီ ဖေဖော်ဝါရီ ၁၈

လစ်ဗျားနိုင်ငံတွင် ခေါင်းဆောင်ဟောင်း ကဒါဖီအား ဖြုတ်ချနိုင်မှု နှစ်နှစ်ပြည့်အထိမ်းအမှတ်ကျင်းပခဲ့သည်။ လစ်ဗျားအစိုးရက ဖေဖော်ဝါရီ ၁၇ ရက်အထိ လုံခြုံရေးအစီအမံများ ဆက်တိုက်ပြုလုပ်ထားကြောင်း လစ်ဗျားဝန်ကြီးချုပ် အလီဇိုင်ဒါန်းက ဖေဖော်ဝါရီ ၁၆ ရက်တွင်ပြောကြားသည်။

မြို့တော် ထရီပိုလီနှင့် ဘင်ဂါဇီမြို့ အရှေ့ပိုင်းတို့၌ လမ်းများပေါ်တွင် လုံခြုံရေးအစီအမံများချထားကြောင်း ၎င်းက ပြောကြားသည်။ မြို့တော်ထရီပိုလီနှင့် ဘင်ဂါဇီတို့ရှိ လေဆိပ်များမှလွဲ၍ ကျန်လေဆိပ်များ ပိတ်ထားသည်။ ကဒါဖီသည် လစ်ဗျားနိုင်ငံအား နှစ်ပေါင်း ၄၀ ကြာအုပ်ချုပ်ခဲ့သည်။ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလတွင် ၎င်း၏အုပ်ချုပ်မှု အဆုံးသတ်ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ရရှိထားသော ဒဏ်ရာများဖြင့် ၎င်း၏ဇာတိမြို့ဖြစ်သည့် ဆာကေးမြို့မြောက်ပိုင်း၌ သေဆုံးခဲ့သည်။ **(ဘီဘီစီ)**

နိုင်ဂျီးရီးယား လက်နက်ကိုင်များကို တွေ့ရစဉ်။

ဂျကာတာ ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှားနိုင်ငံတွင် မိုးများအဆက်မပြတ်ရွာသွန်း ရေလွှမ်းမြေပြိုမှုဖြစ်ပွား၊ ထောင်ပေါင်းများစွာထွက်ပြေး

အင်ဒိုနီးရှားနိုင်ငံတွင် မိုးများအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ကာ အနည်းဆုံး ၁၇ ဦးသေဆုံးပြီး ၄၀၀၀ နီးပါး ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာထွက်ပြေးသွားကြကြောင်း ဒေသဆိုင်ရာ အရာရှိတစ်ဦး၏ပြောကြားချက်ကို ဖေဖော်ဝါရီ ၁၈ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြောကြား

အဆိုပါရေလွှမ်းမှုနှင့် မြေပြိုမှုများသည် ဖေဖော်ဝါရီ ၁၇ ရက်နံနက်က မြောက်စူလာဝေစီပြည်နယ် မြို့တော်မင်နာဒိုတွင် ဆိုးဆိုးရွားရွား ခံခဲ့ရကြောင်း၊ တောင်ကုန်းတောင်တန်းများမှနေ၍ ရွှံ့နှင့် ကျောက်တုံးကျောက်ခဲများ အောက်သို့ လျှောကျခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာအစိုးရအရာရှိ ဆူတိုပိုနာရိုက ပြောကြားသည်။

ယင်းသဘာဝဘေးအန္တရာယ်ဆိုးကြောင့် ၁၇ ဦးသေဆုံးပြီး အခြား ၃၈၃၄ ဦး ကို ဘေးကင်းလုံခြုံသည့် ယာယီနေထိုင်ရာ အဆောက်အအုံများသို့ ထွက်ပြေးရန် လှုံ့ဆော်ပေးခဲ့ကြောင်း နာရိုဟိုက ဆက်လက်ပြောကြားသည်။

ရက်တရက် သည်းထန်စွာရွာသွန်းသောမိုးကြောင့် မြစ်တစ်မြစ်၏ ကမ်းပါးများပေါ်မှ ရေလျှံမှုဖြစ်ကာ နေအိမ် ၁၀၀၀ ကျော် ရေလွှမ်းသွားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထိုအတောအတွင်း ဖေဖော်ဝါရီ ၁၆ ရက်က ဆူမတြားကျွန်း ဂျန်ဘီပြည်နယ်တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ချိန်တွင် ဆယ်ကျော်သက်အရွယ်လူငယ်နှစ်ဦးအပါအဝင် လူသုံးဦး ရေနစ်ပါသွားခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စွတ်စိုသောရာသီဥတုကြောင့် မကြာသေးမီနှစ်များအတွင်း ရေလွှမ်းမှုနှင့် မြေပြိုမှုများ ထပ်တလဲလဲဖြစ်ပေါ်လျက်ရှိသည်။ ဇန်နဝါရီအစောပိုင်းကလည်း မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တော်ဂျကာတာတွင် ရေလွှမ်းပြီး ၃၂ ဦးသေဆုံးခဲ့သည် ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

Announcement of Invitation to Bid for Supply of Stationaries for all projects of UNOPS-Myanmar

No. MYA/13/MMOC/ITB-NCB/0002

UNOPS Myanmar invites sealed Bids (National Competitive Bidding) from eligible suppliers for supply of **Stationaries** for all projects of UNOPS Myanmar.

A pre-bid meeting wil be held on 25 February, 2013 at 10:00 hrs. MST at UNOPS office, Yangon.

The deadline for submission of tender is 14:00 hrs. MST, 11 March, 2013.

Bid documents are available at UNOPS MMOC Office.

3rd Floor Inya Lake Hotel, No. 37 Kaba Aye Pagoda Road, Yangon, Myanmar.

PDF Compressor Pro

ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေး ဝေဟင်မှထိန်းချုပ်မှုစနစ် ပြုလုပ်မည်

မြေပြင်တွင် ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချရန် နည်းလမ်းသစ်တစ်ခုအဖြစ် လေကြောင်းမှ ရေဒါစနစ်ဖြင့် ထိန်းချုပ်မည့်အစီအစဉ်တစ်ရပ်ကို ဗြိတိန်နိုင်ငံတွင် ဆောင်ရွက်ရန် သုတေသနပြု လေ့လာလျက်ရှိနေပြီဖြစ်သည်။

ဝေဟင်တွင် ပျံသန်းနေသော လေယာဉ်တစ်စင်းနှင့်အတူ ရေဒါတပ်ဆင်ထားသော ရုပ်မြင်သံကြားဖန်သားပြင်ကို အသုံးပြုကာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရာ လမ်းဆုံမီးပွိုင့်များတွင် ယာဉ်ကြောပိတ်ဆို့နေချိန်၌ လမ်းကြောင်းပြောင်းလဲမောင်းနှင်ရန် မော်တော်ယာဉ်များအတွင်းသို့ အချက်ပြပေးမည်ဖြစ်သည်။

ဝန်ဆောင်မှုပေး

ယာဉ်ကြောပိတ်ဆို့မှု လမ်းကြောင်းများကို ရေဒါဖြင့်ဖမ်းယူမှုနှင့် မော်တော်ယာဉ်များသို့ သတိပေးအချက်ပြစနစ်များ ထုတ်ပြန်ပေးမှုကို အဆိုပါ လေယာဉ်က ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်မှုကို ဗြိတိန်တစ်နိုင်ငံလုံးသို့ လွှမ်းခြုံနိုင်ရေး ဝန်ဆောင်မှုပေးသွားရန် စီစဉ်မည်ဖြစ်သည်။

တိုက်ရိုက်ပြသ

ဝေဟင်တွင် ပျံသန်းနေသော လေယာဉ်မှ အချက်ပြစနစ်အပြင် အသံစနစ်ဖြင့်လည်း သတိပေးသွားရန် စီစဉ်ထားသည်။ မော်တော်ယာဉ်များတွင် တပ်ဆင်ထားသော ရုပ်မြင်သံကြားဖန်သားပြင်တွင် ယာဉ်ကြောပိတ်နေသည့် နေရာများကို အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ပြသထားမည်ဖြစ်သကဲ့သို့ ယာဉ်ကြောရှင်းကာ မောင်းနှင်သွားလာနိုင်မည့် လမ်းကြောင်းများကိုလည်း ရေဒါစနစ်မှ တစ်ဆင့် မော်တော်ယာဉ်အတွင်းရှိ ရုပ်မြင်သံကြားဖန်သားပြင်များက သတင်းအချက်အလက် ပေးပို့မည်ဖြစ်သည်။

ထိုသို့ လေကြောင်းရေဒါစနစ်အသုံးပြုကာ ယာဉ်ကြောကျပ်၍ ရှုပ်ထွေးမှုများကို အဆင့်မြှင့်တင်ဖြေရှင်းသွားမည်ဖြစ်သည်။

ဖောင်သစ္စာ - ရေးသားသည်

အမှောင်ခန်းကုထုံးသစ် မျက်စိအမြင် ပိုကောင်းစေနိုင်ဟု ကနေဒါသိပ္ပံပညာရှင်များ သုတေသနပြုစမ်းသပ်

ပုံမှန်မရှိသည့် မျက်လုံးအမြင်မကောင်းသော ကလေးငယ်များကို အမှောင်ခန်းအတွင်း ရက်ရှည်ထားရှိပေးခြင်းဖြင့် မျက်စိကြည်လင်ကောင်းမွန်စေသည်ဟု သုတေသနပညာရှင်များက အကြံပြုတင်ပြထားသည်။

သုတေသနတွေ့ရှိ

မြင်ကွင်းအာရုံ သာမန်မဟုတ်သည့် ကြောင်ငယ်များဖြင့် ကနေဒါသုတေသနပညာရှင်တစ်စုက စမ်းသပ်သုတေသနပြုပြီးနောက် ယခုကဲ့သို့ ဆိုလာခြင်းဖြစ်သည်။ ထိုကြောင်ငယ်များကို လုံးလုံးအမှောင်ပိတ်ဖုံးနေသော အခန်းအတွင်း ဆယ်ရက်ကြာမျှထားရှိခဲ့ပြီးနောက် တစ်မဟုတ်ချင်း မျက်စိမြင်ကွင်း ပြန်လည်ကောင်းမွန်လာသည်ကို သုတေသနတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခု အံ့သြဖွယ်ကောင်းသည့် ကုထုံးသစ်ဖြင့် မျက်စိမကောင်းသော ကလေးငယ်များကို ကုသမှုပေးရာတွင် ပို၍ကောင်းမွန်မည့် ကုထုံးအဖြစ် အသုံးပြုလာနိုင်ဖွယ်ရှိသည်ဟု ၎င်းတို့အဖွဲ့က ဖော်ပြသည်။

ကလေးငယ် ၂၅ ဦးလျှင် တစ်ဦးနှုန်းသည် မျက်စိတစ်ဖက်နှင့်တစ်ဖက် မြင်ကွင်းမတူမှု ဖြစ်ပွားရသည်ဟု ဆိုသည်။ ဦးနှောက်နှင့် မျက်စိအာရုံကြောများ ဆက်စပ်မှုပြဿနာကြောင့် မျက်စိတစ်ဖက်သာ မြင်ကွင်းကောင်းမွန်ပြီး ကျန်တစ်ဖက်မှာ အသေးစိတ်မြင်နိုင်စွမ်းနှင့် အကွာအဝေးချင့်ချိန်စွမ်းများ ချို့တဲ့ကုန်သည်။ ထိုပြဿနာကို ယခု အမှောင်ခန်းကုထုံးသစ်ဖြင့် ဖြေရှင်းပေးနိုင်မည်ဟုဆိုသည်။

မျက်ကပ်မှန်ကဲ့သို့သော ကုသမှုမျိုးသည် ကလေးငယ်များအတွက် အခက်အခဲများရှိနေပြီး ထိုမျက်စိဝေဒနာမျိုးကို ကုသမှုမပေးဘဲ ကြာမြင့်ခဲ့လျှင် မကောင်းသည့်မျက်လုံးမှာ လုံးလုံး အမြင်ကွယ်သွားစေနိုင်သည်။

နိုဗာစတီရာရှိ ဒဲလ်ဟော့ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များက ထိုကဲ့သို့သော အမြင်ပြဿနာမျိုးရှိနေသည့် ကြောင်ငယ်လေးများကို အမှောင်ခန်းအတွင်း ဆယ်ရက်ကြာ ထားရှိပြီး စမ်းသပ်ခဲ့သည်။ ယင်းသုတေသနပြု စမ်းသပ်ကာလ၏ တစ်ပတ်ခန့်အကြာတွင် မကောင်းသော မျက်လုံးတစ်ဖက်သည် ကောင်းမွန်သည့် ကျန်မျက်လုံးတစ်ဖက်အတိုင်းပင် အမြင်ကြည်လင်လာခဲ့သည်ကို အံ့သြဖွယ်တွေ့ရှိကြောင်း ဆဲလ်ဂျာနယ်တွင် သုတေသီကီဗင်ဒက်ဖီက ရေးသားခဲ့သည်။

အမှောင်ခန်းအတွင်း ကြောင်ငယ်လေးများကိုရက်ရှည်ထားရှိခြင်းအားဖြင့် ဦးနှောက်နှင့် အမြင်အာရုံ ဆက်သွယ်မှု အကျိုးသက်ရောက်စေပြီး ဦးနှောက်လုပ်ဆောင်မှု၏ အခြေအနေများကို ပုံမှန်ဖြစ်ထွန်းစေနိုင်ခြင်း ဖြစ်မည်ဟု ယုံကြည်ကြောင်း ကီဗင်က ပြောကြားသည်။

နောက်ဆုံးတစ်နေ့တွင် အမှောင်ခန်း သို့မဟုတ် မျက်စိပိတ်စည်းခြင်းအားဖြင့် ကလေးငယ်များအပြင် လူငယ်လူရွယ်များကိုလည်း ကုသမှုပေးနိုင်ဖွယ်ရှိကြောင်း၊ သို့သော် ထိုကုထုံးကို အသုံးပြုနိုင်လောက်သည့် အထိမူ များစွာသုတေသနပြု ကြိုးစားရဦးမည်ဖြစ်ကြောင်း ဂျာနယ်တွင် ရေးသားထားသည်။ ထို့အပြင် ပြည်သူများအနေဖြင့် အမှောင်ခန်းကုထုံးကို အိမ်တွင်ပင် ပြုလုပ်လာနိုင်သဖြင့် ထိုကုထုံးသည် ကျန်ကောင်းမွန်သည့်မျက်စိတစ်ဖက်ကို ထိခိုက်နိုင်ခြေ ရှိ မရှိ သုတေသနပညာရှင်များက စိုးရိမ်လျက်ရှိသည်။ ပိန်းပိတ်အောင်မှောင်သည့် အခန်းအတွင်း ကလေးငယ်ကို ထားရှိရမည့် ယခုလို ကုထုံးမျိုးသည် လူကျင့်ဝတ်နီတိနှင့် ထိပ်တိုက်တိုးဖွယ်ရာရှိကြောင်း လန်ဒန်ကင်းကောလိပ်မှ ပါမောက္ခချားစ်ဟမ်မွန်းက ဆိုသည်။ ပြီးခဲ့သည့်နှစ်က ကားဒစ်ဖ် တက္ကသိုလ်မှ အလားတူသုတေသနမျိုး ပြုလုပ်ခဲ့ရာတွင် တိရစ္ဆာန်အရေး လှုပ်ရှားသူများကြား ဆူပူမှုဖြစ်သွားခဲ့သည်။

သုတကျော် - ရေးသည်။

ပုပ်ရဟန်းမင်းကြီး လူထုကို နောက်ဆုံးနှုတ်ဆက်

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် ၁၆ သည် အီတလီနိုင်ငံ ရောမမြို့ စိန့်ပီတာရင်ပြင်၌ လူထုကို နောက်ဆုံးနှုတ်ဆက်ခဲ့ရာ ထောင်ပေါင်းများစွာသော ပြည်သူများ တက်ရောက်ခဲ့ကြသည်။ သူသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ်မှ နုတ်ထွက်ရန်ကြေညာခဲ့ပြီး ဖြစ်သည်။

ဆုတောင်းပေး

သို့ရာတွင် ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် ၁၆ က ၎င်းကို ထောက်ခံသော ပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ပုပ်ရဟန်းမင်းကြီးသစ်ကိုလည်း ဆောလျင်စွာ ရွေးချယ်သွားရန် ဗာတီကန်ရုံးတာဝန်ရှိသူများက ပြောကြားသည်။ များပြားလှသောပရိသတ်ကြီးက ပုပ်ရဟန်းမင်းကြီး သက်တော်ရာကျော်ရှည်ပါစေဟု ဆုတောင်းပေးကြသည်။ ရင်ပြင်ထဲရှိ နဖူးစည်းစာတန်းတစ်ခုတွင် ကျွန်ုပ်တို့သင့်ကိုချစ်မြတ်နိုးနေကြပါသည်ဟု ရေးသားဖော်ပြထားသည်။

အာဖဂန်သမ္မတ၏အမိန့် နေတိုးလက်ခံ

လူနေဒေသများ၌ နိုင်ငံခြားတပ်များ၏ လေကြောင်းတိုက်ခိုက်မှု ပိတ်ပင်ရန် သမ္မတ ဟာမစ်ကာဇိုင်းက အာဖဂန်လုံခြုံရေးတပ်များအား အမိန့်ထုတ်ပြန်ခဲ့ခြင်းအပေါ် လက်ခံကြောင်း နေတိုးက ပြောကြားသည်။

ထုတ်ပြန်ခဲ့

နေတိုးက အာဖဂန်နစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားပါကြောင်း၊ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့တပ်မှူးဗိုလ်ချုပ်ကြီး ဂျိုးဇက်ဒန်းဖို့ဒ်က ပြောကြားသည်။ ကူနာပြည်နယ်အရှေ့ပိုင်း၌ ညပိုင်းလေကြောင်းတိုက်ခိုက်မှုကြောင့် လွန်ခဲ့သောသီတင်းပတ်က အရပ်သား ၁၀ ဦး သေဆုံးပြီးနောက် မစ္စတာကာဇိုင်းက ၎င်း၏အမိန့်ကို ထုတ်ပြန်ခဲ့သည်။

ဆူဒန်သမ္မတအားဖမ်းဆီးရန် ဗြိတိန်တိုက်တွန်း

ဆူဒန်သမ္မတအိုမာအယ်ဘာရှား အင်န်ဒီဂျာမီနာအား ဒေသဆိုင်ရာထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပစဉ် ဖမ်းဆီးရန် ဗြိတိန်က ချတ်နိုင်ငံအား တိုက်တွန်းလိုက်သည်။ ဆူဒန်သမ္မတအား လူသားချင်းစာနာမှုမရှိခြင်းနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုများဖြင့် စွပ်စွဲထားပြီး ဖမ်းဆီးရန် အာဖရိကဆိုင်ရာ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး မတ်စင်မွန်းက ပြောကြားသည်။

ချုပ်ငြိမ်းသွား

အယ်လ်ဘာရှားသည် ဆာဟဲဆာဟာရန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လိမ့်မည်ဟု မျှော်လင့်ရသည်။ ဒါဖာဒေသတွင် ၂၀၀၃ ခုနှစ်က တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တောင်ဆူဒန်သည် ၂၀၁၁ ခုနှစ် ဇူလိုင်လက ဆူဒန်နိုင်ငံထံမှ လွတ်လပ်ရေးရယူခဲ့သည်။ ယင်းလွတ်လပ်ရေးသည် ဆယ်စုနှစ်များစွာ ဖြစ်ပွားနေသော စစ်ပွဲမှာ ချုပ်ငြိမ်းသွားခဲ့သည်။

ဘဂ္ဂဒက် ကားဗုံးကွဲမှု သေဆုံးသူ ၂၁ ဦးရှိ

အီရတ်မြို့တော် ဘဂ္ဂဒက်တစ်ဝန်းတွင် ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွားရာ လူ ၂၁ ဦးထိသေဆုံးပြီး များစွာဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက်တွင် ဘီဘီစီသတင်း၌ ဖော်ပြသည်။

ထောက်ပြထား

အဆိုပါ တိုက်ခိုက်မှုများ ဖြစ်ပွားသည်မှာ မြို့တော်၏ ရှီးယားလူမျိုးစုများ နေထိုင်ရာအရပ်၌ ဖြစ်သည်။ ယင်းကားဗုံးခွဲတိုက်ခိုက်မှုများအတွက် အယ်လ်ခိုင်ဒါဆက်နွယ် ဆွန်နီသောင်းကျန်းသူများတွင် တာဝန်ရှိကြောင်း အပြစ်ဆိုထောက်ပြထားသည်ဟု သတင်းတွင် ဖော်ပြသည်။

မြင့်မောင်စိုး - ရေးသားသည်

အာရှသတင်းပဒေသာ အတိုအထွာ

စင်ကာပူနိုင်ငံတွင် ပြည်ပမှ ဝင်ရောက်အခြေချသူများကို ပိုမိုခွင့်ပြုမည့် အစိုးရ၏ အစီအမံအပေါ် ဖေဖော်ဝါရီ ၁၆ ရက်တွင် နိုင်ငံသား ၄၀၀၀ ကျော်က ဆန့်ကျင်ဆန္ဒပြခဲ့သည်။ အိမ်ရာဈေးနှုန်းများနှင့် နေထိုင်မှု စရိတ်စကများ ကြီးမားလာမည်ဟု ဝေဖန်အပြစ်တင်ကာ လူအုပ်ကြီးသည် မိုးထဲရေထဲတွင် ထီးကိုယ်စီဖြင့် သုံးနာရီကြာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့သည်။

မလေးရှားနိုင်ငံတွင် ဩစတြေးလျလွှတ်တော်အမတ်တစ်ဦးအား လုံခြုံရေးထိပါးနိုင်သူအဖြစ် အာဏာပိုင်များက ပြည်ဝင်ခွင့်မပေးဘဲ ထိန်းသိမ်းထားကြောင်း ဖေဖော်ဝါရီ ၁၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဩစတြေးလျလွှတ်တော်အမတ် နစ်ဇိုင်နိုဖွန်သည် မလေးရှားနိုင်ငံ၏ လာမည့်ရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတမှုအရေး နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာဌာနများနှင့် ဖော်ထုတ်ဆွေးနွေးရန် ကွာလာလမ်ပူလေဆိပ်သို့ ရောက်ရှိစဉ် ထိန်းသိမ်းခံရခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကွာလာလမ်ပူမြို့အတွင်း ဆန္ဒပြပွဲတစ်ရပ်တွင် ၎င်း ဩစတြေးလျအမတ် ပါဝင်ပတ်သက်ခဲ့သည့်အတွက် ပြည်နှင်ဒဏ်ပေးနိုင်သည်ဟု မလေးရှား လူဝင်မှုကြီးကြပ်ရေး တာဝန်ခံများကဆိုသည်။

ရန်ကုန်ရှေ့နေအသင်းမှ ကြီးမှူးကျင်းပမည့် (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိဂုဏ်တို့ဖြင့် ပြည့်စုံကြသော ရန်ကုန်သက်ကြီးရှေ့နေကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ရှေ့နေအပေါင်းကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

အစီအစဉ်

အချိန် - နံနက် ၉ နာရီ ၁၁နာရီအထိ
နေ့ရက် - ၂၃-၂-၂၀၁၃ ရက်(စနေနေ့)
နေရာ - ရခိုင်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားအလယ်ပစ္စယာ၊ အရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်ကြား

ရန်ကုန်ရှေ့နေအသင်း

PDF Compressor Pro

ဆောင်းပါး

ဘာသာ သာသနာ(မျက်နှာပြင် သုံးဖြာ)

ရတနာစည်ဆရာတော် (လှိုင်လင်)

ဘာသာ

"ဘာသာ"ဟူသော မူရင်းပါဠိ အဓိပ္ပာယ်သည် "ပြောကြားခြင်း (သို့မဟုတ်) စကားမြွက်ကြားခြင်း" ဖြစ်၏။ ထို့ကြောင့် 'ဘာသာစကား' ဟု မြန်မာ၌ တွဲစပ်သုံးနှုန်းကြ၏။ ယင်းဘာသာစကားများကို အပြောဖြင့် ပြောနေကြရာမှ နောင်အခါ အက္ခရာ အရေးအသားများ တင်လာနိုင်ပြီးကာလဝယ် ဘာသာနှင့်စာပေ တွဲစပ်လျက် 'ဘာသာ စာပေ'ဟု သုံးနှုန်းလာကြပြန်၏။ ယင်းအပြင် ဘာသာစကားနှင့် ဘာသာစာပေ တို့ကို အခြေအမြစ်ပြုကာ သင်ကြား၊ သင်ယူကြသည့် ပညာရပ်များနှင့် ဆက်စပ်၍ ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ် စသည်ဖြင့် ဘာသာကို ပညာရပ်ဆိုင်ရာနှင့် တွဲစပ်သုံးနှုန်း လာကြပြန်၏။

ထို့ကြောင့် ဘာသာသည် ဘာသာစကား၊ ဘာသာစာပေ၊ ဘာသာပညာရပ် အဓိပ္ပာယ်များနှင့် အတူ 'ဘာသာတရား' ဟု သုံးစွဲသော အခါတွင် မူကား ဘာသာ၏ အဓိပ္ပာယ်သည် ပြန့်ကျယ်နက်ရှိုင်း လာလေတော့၏။

သာသနာ

သာသနာ-ဟူသည် 'ဇတံ ဗုဒ္ဓါနသာသနံ'အရ ဗုဒ္ဓသာသနာ ဖြစ်၏ ။ ဗုဒ္ဓသာသနာဟူသည် ဗုဒ္ဓအဆုံးအမများပင် ဖြစ်တော့သည် ။ ဗုဒ္ဓ အဆုံးအမများကို အနှစ်ချုပ်ကြည့်လျှင် အောက်ပါ သုံးရပ်ဖြစ်၏။

၁။ မကောင်းမှုရှောင်ပါ ၊
၂။ ကောင်းမှုဆောင်ပါ ၊
၃။ စိတ်ဓာတ်ဖြူစင်ပါ ၊

ယင်းသာသနာ အနှစ်ချုပ် သုံးရပ်ကို အကျယ်ဖြန့်ကြည့်ပါမူကား ပိဋကတ်သုံးပုံ(၄၅-ဝါပတ်လုံး ဟောကြားဆုံးမတော်မူသည့် စကားတော်များ) အဖြစ် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ကဏ္ဍကြီးသုံးရပ် ပေါ်ထွက်လာပါသည်။

ယင်းသုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာကို ကျင့်စဉ်အဖြစ် 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကို ထားတတ်စေ' ဟုဖြစ်၏။

သာသနာ့ ဝန်ထမ်း

ဗုဒ္ဓသာသနာ ရှည်ကြာခိုင်ခံ့တည်တံ့ပြန့်ပွားရေးအတွက် အဖွဲ့တွာ အရင်းအမြစ်များမှာ ရဟန်းသံဃာတော်များဖြစ်သဖြင့် ယင်းရဟန်းသံဃာတော်များကို သာသနာ့ ဝန်ထမ်းများဟု သိမှတ်ကြပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ မူဝါဒသဘောတရားများကို ထိန်းသိမ်း စောင့်ရှောက်လျက် အကောင်အထည် ဖော်ရသကဲ့သို့ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များသည်လည်း ဗုဒ္ဓ၏ ဝါဒသဘောတရား ဖြစ်သည့်သာသနာကို ထိန်းသိမ်းစောင့်ရှောက်လျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး အကောင်အထည်ဖော်ကြရပါသည်။ ယင်းသို့ အကောင်အထည်ဖော်ကြရာ၌ သေနင်္ဂဝေါဟာရနှင့် ပြောရလျှင် နည်းဗျူဟာ(၂)မျိုးဖြင့် ကြိုးစားကြရပါသည်။

နည်းဗျူဟာ(၂)မျိုး

ဗုဒ္ဓ၏ အဆုံးအမ အမှန်အမြတ်များ တိမ်းပါးပျောက်ကွယ်မသွားဘဲ အမြဲ တည်တံ့နေအောင် သင်ကြားပို့ချမှုနှင့် သင်ယူလေ့ကျင့်မှုတို့ကို အာစရိယပရမ္ပရ-ဆရာ အဆက်နှင့် သိဿာနုသိဿ= တပည့်အဆင့်ဆင့်တို့ လက်ဆင့်ကမ်းထမ်းဆောင်သော ပရိယတ္တိနည်း၊ ကိုယ်တိုင်လည်းစား သူ့အားလည်း ကျွေးနိုင်ခြင်းဖြင့် အာဟာရပြည့် ဝန်းကျင်တစ်ရပ် ထူထောင်သလို ကိုယ်တိုင်လည်းကျင့်ပွား သူ့အားလည်း ကျင့်စေခြင်းဖြင့် သာသနာပြန့် ဝန်းကျင်တစ်ရပ် ထူထောင်သော ပဋိပတ္တိနည်း။

ယင်းနည်းဗျူဟာနှစ်မျိုးကြောင့် သာသနာသည် နှစ်ပေါင်း(၂၅၀၀) ကျော်ကာလ ယနေ့ကျအောင် တောက်ပဝင်းလက်လျက် ရှိနေပါသည်။ မဟာဗျူဟာ သော်မူကား- ပဋိဝေဓနိဗ္ဗာန်ဖြစ်တော့သည်။

ယနေ့သာသနာနှင့် မြန်မာ

ယနေ့ကာလအထိ သာသနာတော် တောက်ပဝင်းလက်လျက်ရှိသော နိုင်ငံများအနက် ဤပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသည် ထိပ်ဆုံး၌ တည်နေလျက်ရှိ၏။

မြန်မာ့ပစ္စုပ္ပန်တာဝန်

ဗုဒ္ဓမျက်မှောက်ခေတ်ကတည်းက သာသနာရောက်ရှိလာ၍ သုဝဏ္ဏဘူမိခေတ်ဝယ် သာသနာတည်ခဲ့ပြီး ပုဂံခေတ်တွင်မူ တစ်နိုင်ငံလုံးခြုံကာ သာသနာပြန့်ပွား ထွန်းကားခဲ့သည့် ရှည်လျားစွာသော သမိုင်းကြောင်းတန်ဖိုး၊ ခေတ်အဆက်ဆက် သာသနာနှင့်ရာဇာ ဆရာနှင့်ဒကာ ညီညာစွာ သာသနာပြု တိုင်းကျိုးပြည်ပြုခဲ့ကြသည့် အပြုသဘော(ကုသလကမ္မ) သရုပ်သကန်တန်ဖိုး၊ သာသနာ့ ဂုဏ်ရည်နှင့် တိုင်းပြည်ဂုဏ်ရည်၊ ဘုရင်မင်းများဂုဏ်ရည်နှင့် တိုင်းသူပြည်သား ဂုဏ်ရည်ဟူသော အရည်အသွေးတန်ဖိုး၊ တိုင်းသူပြည်သား တစ်ဦးချင်းစီ၌ တည်ရှိခဲ့သည့် ကိုယ်ကျင့်သိက္ခာတရား၊ ဖြဟ္မစိုရ်တရား၊ မင်္ဂလာတရားများအပြင် အစုလိုက် အဖွဲ့လိုက်ကျင့်သုံးခဲ့ကြသည့် ကျင့်ဝတ်ဝတ္တရားများ ဟူသော တရားတန်ဖိုး စသည်ဖြင့် အနဂ္ဃတန်ဖိုးတွေ လွင့်ကြွေပျောက်ဆုံးမသွားစေရေးကား နိုင်ငံသား အားလုံးအတွက် ပစ္စုပ္ပန်တာဝန်ကြီး ဖြစ်လျက်ရှိပါတော့သည်။

ယင်းအမြင်ရှုထောင့်၌ ရပ်လျက် ယနေ့ မြန်မာနိုင်ငံကို ရှုသောအခါ မျက်နှာပြင်သုံးပြင် ပေါ်လွင်ထင်ရှား စွာမြင်လာရပါသည်။

ပထမမျက်နှာပြင်

ကိုလိုနီတို့က မြန်မာဘုရင်သီပေါမင်းကို ရေခြားမြေခြား ပို့ပြီး နိုင်ငံအချုပ်အခြာအာဏာကို ရယူ ဆုပ်ကိုင်နေရာမှ ရဲဘော်သုံးကျိပ်တို့၏ ဦးဆောင်မှုဖြင့် ပြည်သူများပြန်လည်နိုးကြားလာမှုအရ ယင်းအာဏာကို ပြန်လည်ပေးအပ်ရသော လွတ်လပ်ရေးခေတ်ဦးမှသည် ယနေ့အထိ နိုင်ငံကို ရှေ့ဆုံးမှ ဦးဆောင် မောင်းနှင်ခဲ့ကြသော ခေတ်အဆက်ဆက်အစိုးရများသည် မျက်နှာပြင်တစ်ပြင် ဖြစ်၏။

ယင်းမျက်နှာပြင်၏ ချောမွေ့ကာလများကို ညီညွတ်မှုကလည်းကောင်း၊ ဖုထစ်ကြမ်းရှကာလများကို ညီညွတ်ခြင်း ပျက်ပြား၍ကွဲပြားခြင်းများပြားလွန်းမှုက လည်းကောင်း ပဓာနကျကျ ဖန်တီးခဲ့ကြောင်း သမိုင်းက စကားပြောခဲ့ပြီ။ တစ်နည်းအားဖြင့် ဆန္ဒတူညီခြင်းနှင့် ဆန္ဒကွဲပြားလွန်းခြင်းတို့က အစိုးရမျက်နှာပြင်၏ချောမွေ့ခြင်းနှင့်ကြမ်းရှခြင်းတို့ကို ဖန်တီးသူဖြစ်ခဲ့ပြီ။ ကွဲပြားခွင့်သည် လူ့အခွင့်အရေးဖြစ်သလို ညီညွတ်ခွင့်သည်လည်း လူ့အခွင့်အရေးသာ ဖြစ်ကြောင်းကို ကွဲပြားစွာမသိမှုနှင့် အခွင့်အရေးတန်ဖိုးတို့ကို မချိန်စက်နိုင်မှုတို့ကလည်း မြေပြုရာကင်းမှောင့် ဖြစ်ခဲ့ပြီ။

ဤသို့သော မှတ်ချက်များ ဖြစ်ပေါ်လာစေသည့် အစိုးရအဆက်ဆက်ကို ဘာသာသာသနာ ရှုထောင့်မှ ကြည့်သောအခါ-

ပါလီမန် ဒီမိုကရေစီအစိုးရ

လက်နက်ကိုင် ဆန့်ကျင်မှုတွေ ပတ်လည်ဝိုင်းနေသဖြင့် (ရန်ကုန်မြို့ကိုသာ အုပ်ချုပ်နိုင်တော့သည့်) "ရန်ကုန်အစိုးရ" ဟုပင် သမုတ်ခံနေရသည့်အနေအထားဝယ် သူ့ခေတ်သူ့အခါ သူ့အထာနှင့်သူ တိုင်းပြည်အကျိုး၊ ဘာသာသာသနာအကျိုး ဆောင်ရွက်ချက်များမှ သာသနာ့ သမိုင်းဝင် တင်ကျန်၊ ထင်ကျန် ရစ်ခဲ့သည့် သာသနာပြုလုပ်ငန်းကြီးမှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ခြိမ့်ခြိမ့်သဲ အောင်မြင်စွာကျင်းပနိုင်ခြင်း ဖြစ်ပါသည် ။

ထိုစဉ်က ရန်ကုန်မြို့၏ ဆင်ခြေဖုံး ချုံနွယ်ပိတ်ပေါင်း ဖုံးလွှမ်းနေသော ကုန်းမြေတစ်ခုကို ကမ္ဘာအေး ကုန်းမြေဟု သာသနာ့ နယ်မြေသတ်မှတ်လျက် ကမ္ဘာအေးစေတီတော်နှင့် သမိုင်းဝင် မဟာပါသာဏ လိုဏ်ဂူတော်ကြီး တည်ဆောက်ကာ သာသနာနှစ်(၂၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ် လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ငါးနိုင်ငံမှ ဆရာတော်သံဃာတော် ပေါင်း အပါး ၂၅၀၀တို့ တညီတညွတ်တည်း ပိဋကတ်သုံးပုံကို ခြောက်ကြိမ်မြောက် သင်္ဂါယနာတင်သည့် သမိုင်းဝင်သာသနာပြုပွဲကြီး ဖြစ်ပါသည်။ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ သင်္ဂါယနာ တင်ခဲ့ရာ ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်နေ့၌ အောင်မြင်စွာ ကျင်းပပြီးမြောက်ပါသည် ။

နှစ်ပေါင်း (၂၅၀၀)ကာလရှည်ကြီး တစ်လျှောက် ပုဒ်ပါဋ်အက္ခရာများ နှုတ်မှ ပေပေါ်တင်၊ ပေမှ ကျောက်ထက်ပေါ်တင်ခဲ့ကြရာဝယ် အကျ၊ အပျောက်၊ အကျန်၊ အကြွင်း၊ အလို၊ အလျော့များကို အကျော့ကျော့ အထပ်ထပ် သန့်စင်ရင်း ဆဋ္ဌမူပုံနှိပ် ပိဋကတော်များအဖြစ် ခေတ်မီစွာ စတင်ပုံနှိပ် ထုတ်ဝေဖြန့်ချိနိုင်ခြင်း၊ တိပိဋကမြန်မာပြန်ကျမ်းစာအုပ်ကြီးများ ပေါ်ထွက်လာခြင်း၊ တိပိဋက စာမေးပွဲကြီး အရှိန်အဟုန် မြင့်မားစွာ ပေါ်ထွန်းလာခြင်း စသည့် ကောင်းကျိုးရလဒ်များ ယနေ့တိုင် ပြန့်ပွားလျက်ရှိနေပါသည်။

တော်လှန်ရေးကောင်စီအစိုးရ

ယင်းအစိုးရ လက်ထက်တွင် ဘာသာသာသနာနှင့် ပတ်သက်၍ ၁၉၆၅-ခုနှစ်၊ မတ်လ၁၇ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် မှော်ဘီမြို့ သရက်ဥယျာဉ်အတွင်း ပခုက္ကူ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီး ဘဒ္ဒန္တသုန္ဒရ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)ဦးဆောင်၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပကာ ဗုဒ္ဓမြတ်စွာ သာသနာတော်လုံးဆိုင်ရာ သံဃာ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(မူကြမ်း) ကို ရေးဆွဲနိုင်ခဲ့သော်လည်း မြန်မာ တစ်နိုင်ငံလုံးရှိ သံဃာတော် အားလုံး၏ တညီတညွတ်တည်းသော ထောက်ခံမှု ဆန္ဒမရခဲ့၍ ပြဋ္ဌာန်းနိုင်ခြင်းကား မရှိခဲ့ပါ။ ယင်းသို့ မရှိခဲ့သော်လည်း နောင်တစ်ချိန် အကောင်အထည်ဖော်နိုင်ခွင့် ဖြစ်ထွန်းလာလိမ့်မည် ဟူသော မျှော်လင့်ချက်ရောင်ခြည်ကား ပေါ်လျက် ရှိပါသည်။

လမ်းစဉ်ပါတီအစိုးရ

ဤအစိုးရကား ယခင်တော်လှန်ရေးကောင်စီ အစိုးရ၏ စစ်အသွင် လွှမ်းမိုးသော အုပ်ချုပ်ရေးမှ အရပ်ဘက်အသွင် လွှမ်းမိုးသော တစ်ပါတီ အုပ်ချုပ်ရေးအဖြစ် ၁၉၇၄-နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် တက်လာသော အစိုးရဖြစ်ခဲ့ပါသည်။ ဤကာလများအထိ ဖြတ်သန်းလာခဲ့ရသည့် ဘာသာ သာသနာခရီးမှာ ကောင်းဆိုးနှစ်တန် လောကဓံတရားများနှင့်အတူ နိမ့်တုံမြင့်တုံ ဖြတ်သန်းခဲ့ရပါသည်။

ဤတွင် အစိုးရ၏ သာသနာပြု အမွန်အမြတ် လုပ်ငန်းကြီးတစ်ခု ပေါ်ထွန်းလာခဲ့ရာ ယင်းမှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးကို ၁၉၈၀-ပြည့်နှစ်၊ မေလ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း အောင်မြင်စွာ ကျင်းပနိုင်ခြင်း ဖြစ်ပါ၏။ ထိုစဉ်က (ရှင်သာမဏေများမပါ) တစ်နိုင်ငံလုံးရှိ ရဟန်းသံဃာတစ်သိန်းကိုးထောင်သုံးဆယ့်နှစ် (၁၀၉၀၃၂)ပါးကို ကိုယ်စားပြုသော သံဃသမ္မုတိ၊ သံဃာ့ကိုယ်စားလှယ် ဂိုဏ်းပေါင်းစုံ ဆရာတော်သံဃာတော် တစ်ထောင့်နှစ်ရာ တစ်ဆယ့်ရှစ် (၁၂၁၈) ပါးတို့က

၁။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊
၂။ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊
၃။ သာသနာဝင် မှတ်တမ်းတို့ကို တညီတညွတ်တည်း အတည်ပြုပေးနိုင်ခဲ့ပြီး

၁။ နိုင်ငံတော် ဩဝါဒါစရိယ အဖွဲ့
၂။ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့။
၃။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့ကို စနစ်တကျ လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြကာ နိုင်ငံတော်အစိုးရက ပစ္စယာနုဂ္ဂဟကဏ္ဍကို ပြည့်ဝစွာ ထောက်ပံ့ပေးခဲ့သည့်အပြင် ၂၆-၆-၁၉၈၀-ရက်တွင် ခေါ်ယူသော ပြည်သူ့လွှတ်တော်အစည်းအဝေးက 'ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ' (၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ်၃)ကို အတည်ပြုပြဋ္ဌာန်း ပေးခဲ့ပါသည် ။

ယင်းနှင့် မရှေးမနှောင်း ၂၈-၇-၁၉၈၀- တနင်္ဂနွေနေ့ ညဉ့်ဦးယံကာလတွင် သီရိလင်္ကာ နိုင်ငံဘုရင်မင်းမြတ်ထံမှ ပဏ္ဏာသွင်းလာသည့် ဓမ္မလက်ဆောင် ရွှေဆင်းတုတော်ကို ဌာပနာကာ ကိုးကွယ်မည့် မဟာဝိဇယ စေတီတော် တည်ထားရေး နိဒါန်းအဖြစ် ရွှေတိဂုံ ကုန်းတော်တောင်ဘက် မြေမြတ် တစ်နေရာ၌ ပန္နက်တော်တင် မင်္ဂလာသဘင် ဆင်ယင် ကျင်းပနိုင်ခဲ့ပါသည်။ ယင်းအပြင် ၁၉၈၃ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၉ အဖြစ် 'ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက် ကာကွယ်စောင့်ရှောက်သည့် ဥပဒေ' ကိုပါ ပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။

ဤကာလများနှင့် တစ်ဆက်တစ်စပ်တည်း ပရိယတ္တိပညာရေးကို ကမ္ဘာ့အမြင်ဖြင့် သင်ကြားပို့ချနိုင်မည့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးနှစ်ခုတို့ကို ရန်ကုန်နှင့်မန္တလေးတို့၌ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ကိုယ်တိုင် အနယ်နယ် အရပ်သို့ သဘော်တစ်တန်၊ ကားတစ်တန် ကြွရောက်တော်မူကာ ဗုဒ္ဓဘာသာဝင် အိမ်တစ်အိမ် တစ်ကျပ်နှုန်းဖြင့် တစ်ပြည်လုံး၏ အလှူငွေကို အရင်းတည်လျက် အစိုးရ၏ပံ့ပိုးမှုများနှင့် တကွ တည်ထောင်ထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟူ၍ အမည်နှစ်မျိုးပြောင်းလဲခံယူကာ နိုင်ငံတာဝန်ကို ရယူခဲ့သည့်တပ်မတော်အစိုးရခေတ် နှစ်ပေါင်း ၂၀-ကျော် ကာလအတွင်း ရန်ကုန်မြို့လယ် ဆူးလေ စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးမှ စတင်၍ ရွှေတိဂုံစေတီတော်ကြီး ရွှေထီးတော်အသစ် တင်လှူပူဇော်ကာ စောင်းတန်းလေးသွယ်အပါအဝင် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး၊ အဘယလာဘမုနိကျောက်တော်ကြီး ဘုရားကို အညာမြေမှ မြစ်ရောရေလမ်းအတိုင်း ပင့်ဆောင်ပြီး ရန်ကုန်မြို့ မင်းဓမ္မကုန်းမြေ၌ တည်ထားကိုးကွယ်ရေး၊ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ရေးစသည်ဖြင့် နိုင်ငံ့အချက်အချာရန်ကုန်မြို့တော်ကြီးကို သာသနာ ရောင်ဝါလွှမ်းအောင် ကြိုးပမ်းဆောင်ရွက်ခြင်းများနှင့်တကွ အထူးအားဖြင့် ထေရဝါဒဗုဒ္ဓသာသနာကို ကမ္ဘာအရပ်ရပ်မှ ထဲထဲဝင်ဝင် လေ့လာသင်ယူလိုကြသူများအတွက် 'အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီး' တည်ထောင်ဖွင့်လှစ်ပေးနိုင်ခြင်းတို့ကား သာသနာ့သမိုင်းဝင်အထင်ကရ နက်နက်ထွင်းကျောက်ထက် အက္ခရာများဖြစ်ပါကုန်တော့၏။

တပ်မတော်အစိုးရ မျက်နှာပြင်၌ နောက်ဆုံးထင်ကျန်၊ တင်ကျန်ရစ်သော သာသနာပုံရိပ် တစ်ခုမှာ နေပြည်တော်၌ ဥပ္ပါတသန္တိစေတီတော်တည်ထားကိုးကွယ်နိုင်ခြင်း ဖြစ်ပါသည်။

ယနေ့အစိုးရသစ်

၂၀၁၀ ရွေးကောက်ပွဲကာလအပြီး ယနေ့အစိုးရသစ် တာဝန်ယူလာသည့် တခဏမှစ၍ ကမ္ဘာ့မျက်လုံး သိန်းသန်းတို့၏ သံသယအကြည့်ဖြင့်သာ အစဉ်တစိုက် စိုက်ကြည့်၊ စောင့်ကြည့်ခံခဲ့ရသည့်နိုင်ငံ အကြီးအကဲ နိုင်ငံတော်သမ္မတအဖို့ (၂)နှစ်တာကာလ အရောက်တွင်မူ သံသယ မျက်လုံးများမှသည် အံ့ဩရိပ်မျက်လုံးများသို့၊ ယင်းအံ့ဩရိပ်များမှ အားတက်ရိပ်၊ အားပေးရိပ် များပြည့်ရွှန်းလာသော ချစ်မျက်ဝန်းများသို့အထိ ကမ္ဘာ့မျက်ဝန်းကို ရွှေ့လာအောင် ရွှေ့နိုင်၊ တွန်းနိုင်သည့် သမ္မတကြီးအဖြစ် တည်သစ်တောက်ပလာနေပါပြီ။

အစိုးရသစ်၏ သာသနာပြုလုပ်ငန်းနှစ်ရပ်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်မြောက် ပင့်ဆောင်ကာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့၌(၄၈)ရက်ကြာ အပူဇော်ခံလျက် ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါမိုးသွန်းဖြိုး ရွာစွေနိုင်ခြင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့ မြင်းဖြူကျောင်းဝင်းအတွင်း ဉာဏ်တော် (၁၀၈)ပေရှိ ရွှေတိဂုံပုံတူ မဟာစိနပဘာ (မဟာစိန့်တိုင်း၏အလင်းရောင်) ဘွဲ့တော်သ စေတီတော်ကြီးတည်ထားကိုးကွယ်နိုင်ရန် ၂၀၁၂၊ ဧပြီ၁၀ ရက်က ထိုနေရာ၌ ကျင်းပသော မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာနှင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားများသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက် ချီးမြှောက်တော်မူကြပြီး ဆောက်လုပ်ရေး တာဝန်ခံများက စေတီတော်ကြီး ဆက်လက်တည်ဆောက်လျက်ရှိရာ ယခုအခါ စေတီတော်ဉာဏ်တော်အမြင့် (၅၆)ပေအထိ တည်ထားပြီး နေပြီဖြစ်၏။

တစ်ဖန် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ငွေကြေးများစွာအကုန်ကျခံ၍ ဘုရားဖူး မသွားရောက်နိုင်ကြသော မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအတွက် ကိုယ့်ပြည်တွင်း၌ ပုံတူ ဗုဒ္ဓဂယာကို အလွယ်တကူဖူးမြင်ကြည်ညိုနိုင်ရန် ရည်သန်လျက် နေပြည်တော်-တပ်ကုန်းအဝေးပြေး လမ်းမကြီးအနီး၌ ဗုဒ္ဓဂယာပုံတူ သတ္တဋ္ဌာနများ ခြံရံကာ သတ္တဟစေတီတော်များ တည်ထားလျက်ရှိနေပါသည်။

အိန္ဒိယဗုဒ္ဓဂယာမြေအဝန်းကို နေပြည်တော်သို့ မယူ ပြောင်းရွှေ့လာသည့်အလား အိန္ဒိယဗုဒ္ဓဂယာ ဧရိယာအကျယ်အဝန်း၏ အတိုင်းအတာပမာဏထပ်တူ မယွင်း၊ မလျော့၊ မပို၊ မလွန်စေဘဲတည်ထားလျက် ရှိနေပါသည်။

ဤသို့သော သာသနာပြုစေတနာ ကံအစွမ်း တစ်နိုင်ငံလုံး ခြုံလွှမ်း တည်ငြိမ်အေးချမ်း သုခပန်းပွင့်လန်းဝေဆာလာစေသတည်း။

ဆက်လက်ဖော်ပြပါမည်။

PDF Compressor Pro

ဘတ်ဂျက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လွှတ်တော်များ၏ အရည်အသွေးမြှင့်တင်ရေး အစီအစဉ်အရ အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း Governor Bill Richardson ၏ Richardson Center မှ ကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် ဘတ်ဂျက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်တော်ရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး **(ဓာတ်ပုံ)** ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ တက်ရောက်ကြ၍ ဆွေးနွေးပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ပြည်ထောင်စုလွှတ်တော်မှ

" ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တပ်မတော်ရဲ့အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ မြန်မာနိုင်ငံရဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းဟာ သူ့ခေတ်က အင်အားတောင့်တင်းခိုင်မာတဲ့ တပ်မတော်တစ်ရပ်သာရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ သူ့ကျွန်ဘဝရောက်ခဲ့မှာ မဟုတ်ပါ

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးထွန်းကျော် ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ဘူး။ ဒါကြောင့် ဘယ်တိုင်းပြည်ပဲဖြစ်ဖြစ် တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာအောင် ကြိုးစားရမှာပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနက တင်ပြသွားတဲ့ အချက်တွေဟာ ကောင်းမွန်သင့်မြတ်တယ်လို့ ကျွန်တော်ရှုမြင်ပါတယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတဲ့ စကားအတိုင်း ကျွန်တော်တို့နိုင်ငံရဲ့ တပ်မတော်ကိုလည်း ခေတ်မီတိုးတက်တဲ့ တပ်မတော်ဖြစ်အောင်လုပ်ဖို့လိုပါတယ်" ဟု ပြောပြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အထူးဖွံ့ဖြိုးရေးဒေသ (၁၈) ခုဖြစ်သည့် ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ(၂)၊ ကချင်အရှေ့မြောက်ဒေသ၊ ကိုးကန့်ဒေသ၊ "ဝ"ဒေသ၊ ရှမ်းဒေသ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မော်ဖဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ ကရင်ဒေသ၊ မွန်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ နာဂဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသ၊ ချင်းဒေသတို့တွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တရားဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားအဖွဲ့အစည်းများ၏ စားဝတ်နေရေးအဆင်ပြေစေရေးနှင့် ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးမှုလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများဖြစ်လာအောင် နှစ်စဉ် အစီအမံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၊ ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းအနေဖြင့် လမ်း၊ တံတားလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်အခြားလုပ်ငန်းများအဖြစ် ရိက္ခာဆန် ထောက်ပံ့ပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီး

ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာများ ဆည်းပူးနေကြသည့် တိုင်းရင်းသားလူငယ်များကိုလည်း မိမိတို့၏ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးသည့် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမကောင်းများ၊ အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ဝန်ထမ်းကောင်းများအဖြစ် မွေးထုတ်ပေးနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်နှင့်ပတ်သက်၍ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက "နယ်စပ်ရေးရာဝန်ကြီးဌာနကလမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေတိုးချဲ့တည်ဆောက်ပေးမယ်ဆိုတာနဲ့ပတ်သက်ပြီးတင်ပြသွားတာ ကောင်းပါတယ်။ တကယ်တော့ ကျွန်မတို့ ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသဖြစ်ပါတယ်။ အခုလို ကျောင်းတွေ၊ လမ်းတွေ၊ တံတားတွေ တိုးချဲ့တည်ဆောက်ပေးမယ်ဆိုတော့ အလွန်ပဲဝမ်းသာမိပါတယ်။ နောက်တစ်ခုက ချင်းပြည်နယ်ဟာ တောင်ကတုံးတွေများပြားပါတယ်။ ဒါကြောင့် သောက်သုံးရေရှားပါးပါတယ်။ ဖြစ်နိုင်တယ်ဆိုရင် ရေရရှိရေးကိုလည်း ဆောင်ရွက်ပေးမယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ ယူဆပါတယ်" ဟုပြောပြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေ့က နှစ်စဉ်ယုတ်လျော့နေသည့် ဆရာအင်အားကို ပညာရေးတက္ကသိုလ်နှင့်ပညာရေးကောလိပ်များမှ သင်တန်းဆင်းအင်အား (၉၀၀၀)ခန့်ဖြင့် ဖြည့်ဆည်းခန့်ထားပြီး ဝေးလံခက်ခဲသောဒေသများရှိ မြို့နယ်အလိုက် ဆရာ၊ ကျောင်းသားအချိုးအရ ဆရာလိုအပ်သောကျောင်းများအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆွဲခန့်ဆရာ ဆရာမများအဖြစ် ဒေသခံဘွဲ့ရများကို ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ပါကြောင်း။

မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ မူလတန်းအဆင့်ကျောင်းသားကျောင်းသူတစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ငွေကျပ်(၁၀၀၀)တန်ဖိုးရှိ လေ့ကျင့်ခန်းစာအုပ်(၆)အုပ်စီ အခမဲ့ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ငွေကျပ်(၂၀၀၀)တန်ဖိုးရှိ လေ့ကျင့်ခန်းစာအုပ် (၁၂) အုပ်အထိ တိုးမြှင့်ထောက်ပံ့သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိဘများ၏အလုပ်အကိုင်အရ မိဘများနှင့်အတူ ပြောင်းရွှေ့သွားလာနေရသည့်ကလေးများအတွက် ရွှေ့လျားကျောင်း (Mobile Schools) များ ဖွင့်လှစ်ပေးပြီး အခြေခံပညာအဆင့် ပညာသင်ယူရန် ဆောင်ရွက်ထားရှိပါကြောင်း၊ တက္ကသိုလ်အသီးသီး၌ သင်ကြားပို့ချနေသော ဆရာ ဆရာမများ၏ သင်ကြားရေးနှင့် သုတေသနဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအတွက် ပြည်ပတက္ကသိုလ်များသို့ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် လေ့လာရေးများ စေလွှတ်လျက်ရှိရာ ၂၀၁၁ ခုနှစ် ဧပြီ ၈ ရက်မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ အဆင့်မြင့်ပညာကဏ္ဍ၌ (၄၇၁) ဦး၊ အခြေခံပညာကဏ္ဍ၌ (၁၆၂)ဦး စုစုပေါင်း(၆၃၃)ဦး စေလွှတ်ပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ပညာရေးဝန်ကြီးဌာန၏ရှင်းလင်းတင်ပြချက်နှင့် ပတ်သက်၍ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက"ကျွန်မအနေနဲ့ ပညာရေးနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် အခုမူလတန်းကို အခမဲ့ပညာရေးလို့ ပြောပါတယ်။ ဒါပေမယ့် ကျွန်မတို့ဆီမှာ ကျောင်းသားတစ်ယောက်ဟာ တစ်လကို ငွေကျပ် (၅၀၀၀) မှ (၁၀၀၀၀) အထိ ကုန်ကျနေပါတယ်။ ရန်ကုန်မြို့မှာဆိုရင် ကျောင်းသားတစ်ယောက်ဟာ ကုန်ကျငွေ အနည်းဆုံး ငွေကျပ် (၃၀၀၀၀) လောက်ရှိပါတယ်။ ကျွန်မတို့ အိမ်နီးချင်းထိုင်းမှာဆိုရင် နှစ်စဉ်ကျောင်းဝတ်စုံ (၂)စုံ ပေးပါတယ်။ ကျောင်းမှာ နွားနို့လည်းတိုက်ပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း ကျောင်းတွေမှာ နွားနို့တိုက်ကျွေးစေချင်ပါတယ်။ နွားနို့တိုက်တာဟာ ကာယကို ဖွံ့ဖြိုးစေသလို ဉာဏကိုလည်း ဖွံ့ဖြိုးစေပါတယ်။ ဒါကြောင့် လာမယ့်ပညာရေးနှစ်တွေမှာ ကျောင်းသား ကျောင်းသူတွေအတွက် ချမှတ်ထားတဲ့ စီမံကိန်းလျာထားချက်များအတိုင်း ထိထိရောက်ရောက် ဆောင်ရွက်ပေးပါလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောပြခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မြန်မာ့ကျန်းမာရေး

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ဆိုင်ရာ မျှော်မှန်းချက်နှစ်(၃၀)နှစ်ရှည်စီမံကိန်းအရ ဆရာဝန် လူဦးရေအချိုး ၂၀၀၀ ခုနှစ် အခြေခံနှစ်တွင် (၁း၃၃၀၀) မှ ၂၀၃၀ ခုနှစ်တွင် (၁း၁၁၀၀)ဖြစ်ရန် ရည်မှန်းချက်ထားရှိပြီး ၂၀၀၁ ခုနှစ်မှစ၍ ၂၀၁၂ ခုနှစ်အထိ နှစ်စဉ် ဆေးတက္ကသိုလ် (၄)ခုတွင် စုစုပေါင်း (၂၄၀၀) ဦး တိုးမြှင့်လက်ခံခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဆရာဝန် လူဦးရေအချိုး (၁း၂၂၆၁) ခန့်ရှိပါကြောင်း။

၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ကျင်းပသော နဝမအကြိမ် ဆေးပညာ နှီးနှောဖလှယ်ပွဲတွင် ဆေးတက္ကသိုလ်များ၌ လက်ခံသင်ကြားနေသော ကျောင်းသားဦးရေကို ပြန်လည်သုံးသပ်၍ ဝင်ခွင့်လက်ခံမည့် ကျောင်းသားဦးရေကို (၂၄၀၀)မှ (၁၂၀၀)သို့ လျှော့ချသင့်ပါကြောင်းနှင့် စုစုပေါင်းသင်တန်းကာလအား(၆)နှစ်မှ (၇)နှစ်သို့ တိုးမြှင့်လက်ခံသင့်ကြောင်း ဆွေးနွေးသဘောတူပြီး အဆင့်ဆင့်တင်ပြသဘောတူညီချက်ရယူ၍ ၂၀၁၂- ၂၀၁၃ ပညာသင်နှစ်တွင် ဝင်ခွင့်ပြုဦးရေ (၂၄၀၀) မှ (၁၂၀၀)သို့ ကျား/မ အချိုးတူညီစွာ လျှော့ချလက်ခံခဲ့ပါကြောင်း၊ ရေတိုစီမံကိန်းအဖြစ် ကျောင်းသားဦးရေ လျှော့ချ၍ သင်တန်းကာလတိုးမြှင့်သင်ကြားခြင်းဖြင့် အရည်အသွေးပိုင်းဆိုင်ရာကို ထိန်းသိမ်းနိုင်သော်လည်း ရေရှည်စီမံကိန်းအဖြစ် အမျိုးသား ကျန်းမာရေးစီမံကိန်းရည်မှန်းချက်ပြည့်မီရေးအတွက် ဆရာဝန်ဦးရေကို (၂၄၀၀)ဦးအထိ တိုးတက်မွေးထုတ်ရန်လိုအပ်နေပါသေးသဖြင့် သင့်လျော်သော တိုင်းဒေသကြီး၊ ပြည်နယ်တွင် ဆေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်လက်ခံရေးအတွက် စီစဉ်ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်နှစ် (၃၀) နှစ်ရှည်စီမံကိန်းရေးဆွဲစဉ်ကလည်း ဆေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ရန်ပါရှိပြီး ယခုပြန်လည်ရေးဆွဲသည့် မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်လည်း ဆေးတက္ကသိုလ်များတိုးချဲ့ဖွင့်လှစ်ရန် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်နှင့် ပတ်သက်၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ ဦးစောတော်ပလဲက "၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပတ်သက်၍ အစိုးရကတော့ ကျန်းမာရေးကဏ္ဍကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနေပါတယ်။ ဒါပေမယ့် လိုအပ်ချက်တွေတော့ရှိသေးတာပေါ့။ လွှတ်တော်စကတည်းက ကိုယ်စားလှယ်တွေ အများဆုံးဆွေးနွေးတာက ကျန်းမာရေးနဲ့ ပညာရေးပါပဲ။ ဒီကဏ္ဍတွေက ငွေသုံးတဲ့ဝန်ကြီးဌာနတွေဖြစ်ပါတယ်။ သုံးတယ်ဆိုတာ လွယ်ပါတယ်။ ရှာရတာခက်တာပါ။ ဝင်ငွေရှာတဲ့ ဝန်ကြီးဌာနတွေက များများရှာနိုင်မှ တစ်ဖက်မှာလည်း များများသုံးနိုင်မှာဖြစ်ပါတယ်။ ပြည်ပက အကူအညီရယူဆောင်ရွက်မယ် ဆိုပြန်တော့လည်း အကူအညီဆိုတာ အမြဲတမ်းရဖို့မလွယ်ပါဘူး။ ပြည်သူတွေဖြစ်စေချင်တဲ့ ကျန်းမာရေးမျှော်မှန်းချက်တွေဟာ အနေးနဲ့ အမြန်ဆိုသလို ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံ အောက်လွှတ်တော် Secretary- General Mr. Suwichag Nakwatcharachai ဦးဆောင်သော ကိုယ်စားလှယ် ၁၁၆ ဦး **(အပေါ်ပုံ)**နှင့် မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာ ဒီပလိုမာသင်တန်းမှ ကြီးကြပ်သူ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပနေပုံကို လာရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PDF Compressor Pro

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား IPU အထွေထွေအတွင်းရေးမှူးချုပ် တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား Inter-Parliamentary Union (IPU) အထွေထွေအတွင်းရေးမှူးချုပ် Mr. Anders Johnsson နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင် (I-1) ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား Inter-Parliamentary Union (IPU) အထွေထွေအတွင်းရေးမှူးချုပ် Mr. Anders Johnsson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင် (I-1) ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် IPU နှင့် မြန်မာလွှတ်တော် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အခြား အကူအညီပေးရေးဆိုင်ရာတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌဦးလှမြင့်ဦး၊ လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင် ဒေါ်မိယဉ်ချမ်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၂/ ၂၀၁၃)ဖွင့်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၂/ ၂၀၁၃) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကို နိုင်ငံတော်မှ ချမှတ်ကျင့်သုံးနေသည့် စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသော စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်အညီ လိုက်လျောညီထွေ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (Trade Promotion Department) အဖြစ် မကြာမီ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း၊ ပြောင်းလဲပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ရမည့် ဖွဲ့စည်းပုံနှင့်အတူ ပြောင်းလဲတာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် (Function) များ၊ ကြီးလေးသောတာဝန်များ မိမိတို့ပခုံးပေါ်ကို ကျရောက်လာတော့မည်ဖြစ်သည့်အတွက် လုပ်ငန်းဆိုင်ရာဝတ္တရားများကို အခြေခံကျကျ ထဲထဲဝင်ဝင် သိရှိနားလည်ပြီး နိုင်ငံတော်အစိုးရမှ လက်ရှိအရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသော စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် လိုက်လျောညီထွေ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးကို အဓိကထားရည်ရွယ်ပြီး ဤသင်တန်းကို ယခုဘဏ္ဍာရေးနှစ်အတွင်း စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်သူများ လူမှုစီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အချက်သည် နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးမူဝါဒတွင် ပါဝင်ကြောင်း၊ အမျိုးသားစီမံကိန်းများနှင့် အညီ လိုက်လျောညီထွေဖြစ်မည့် ဌာန၏ လုပ်ငန်းများအပေါ် တာဝန်ယူ ဆောင်ရွက်သွားနိုင်ကြရေးအတွက် သင်တန်းက ပို့ချပေးလိုက်သည့် စာတွေ့နှင့် လက်တွေ့ဘဝပေါင်းစပ်ကာ ဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် စိတ်ရင်းစေတနာမှန် အခြေခံ၍ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဝန်ကြီးဌာနက ချမှတ်ရည်မှန်းထားသည့် ကုန်သွယ်မှုပမာဏကို ယခင်နှစ်ကထက် ပိုမိုရရှိစေရေး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၂/ ၂၀၁၃) ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးဇော်ထွန်းအား ဟန်ဂေရီသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဟန်ဂေရီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

▲ *ရှေ့ဖုံးမှ*

ဖောက်လုပ်ရေးကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်ဟု သိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်းမှ ဖြတ်သန်းမည့် အာရှလမ်းမကြီး လေးခုရှိသည်။ ၎င်းတို့မှာ အာရှလမ်းမကြီးအမှတ်(၁) (AH-1)မှာ ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့မှစ၍ မြန်မာ၊ အိန္ဒိယနယ်စပ် တမူးမြို့အထိဖြစ်ပြီး သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ဖြစ်ပါက ၁၆၆၅ ကီလိုမီတာရှိသော လမ်းဖြစ်သည်။ အာရှလမ်းမကြီးအမှတ်(၂) (AH-2)မှာ ထိုင်း-မြန်မာနယ်စပ် တာချီလိတ်မြို့မှ စတင်၍ ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာမြို့အထိ ၈၀၇ ကီလိုမီတာရှိပြီး ၎င်းမှတစ်ဆင့် အာရှလမ်းမကြီး အမှတ်(၁)အတိုင်း မြန်မာ-အိန္ဒိယနယ်စပ်တမူးမြို့၌ဆုံးသည်။ အာရှလမ်းမကြီးအမှတ်(၃) (AH-3)မှာ အာရှလမ်းမကြီးအမှတ်(၂)ပေါ်ရှိ ကျိုင်းတုံမြို့မှ မြန်မာ-တရုတ်နယ်စပ် မိုင်းလားမြို့အထိ ဆက်သွယ်ထားသော ၉၃ ကီလိုမီတာရှည်သည့် လမ်းအပိုင်းတစ်လမ်းနှင့် အာရှလမ်းမကြီးအမှတ်(၁၄)(AH-14) ယခုသတ်မှတ်ထားသော အာရှလမ်းမကြီး အမှတ်(၁)ပေါ်ရှိ မန္တလေးမြို့မှ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မြို့အထိ ၄၅၃၀ ကီလိုမီတာရှည်သော လမ်းပိုင်းတို့ဖြစ်သည်။

ထိုအထဲမှ အာရှလမ်းမကြီး အမှတ်(၁)(AH-1)ကို ထိုင်းနိုင်ငံ၏ အကူအညီဖြင့် မဲဆောက်မှ သင်္ကန်းညီနောင်အထိ ၁၇ကီလိုမီတာကို ၂၀၀၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး ယခုအခါ ကော့ကရိတ်မြို့အထိ ဆက်လက်ဖောက်လုပ်လျက်ရှိနေပြီဖြစ်သည်။

ထိုင်းနိုင်ငံ See Sang Karn Yotah (1979) Co.,Ltd လမ်းဖောက်လုပ်ရေးကုမ္ပဏီ၏ မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ်လမ်း ဆောင်ရွက်နေမှုနှင့် မူလနောက်ခံသမိုင်းမှာ ထိုင်းဝန်ကြီးချုပ် ၂၀၀၁ ခုနှစ် နိုဝင်ဘာလ၌ အိန္ဒိယသို့ သွားရောက်လည်ပတ်သောခရီးစဉ်တွင် အိန္ဒိယဝန်ကြီးချုပ်အား ထိုင်း-မြန်မာ-အိန္ဒိယ လျင်မြန်စွာချိတ်ဆက်သွားလာနိုင်သော လမ်းမကြီး စီမံကိန်းအား ဖောက်လုပ်ရန် စတင်အကြံပြုခဲ့သည်ဟု သိရသည်။ ၎င်းအကြံပြုချက်တွင် ထိုင်းနိုင်ငံနယ်စပ် မဲဆောက်မှ မြန်မာနိုင်ငံရှိ ပုဂံဒေသကိုဖြတ်ပြီး အိန္ဒိယနယ်စပ် တမူးတွင် အဆုံးသတ်မည့် အာရှလမ်းမကြီး ဖောက်လုပ်ရန်ဖြစ်သည်။ အဆိုပါ မဲဆောက်-မြဝတီ-သင်္ကန်းညီနောင် -ဒေါနတောင် ၁၇ ကီလိုမီတာ လမ်းဆောက်လုပ်ရေးစီမံကိန်းကို စီမံကိန်းကာလ ၂၀၀၄-၂၀၀၆ ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၆ ခုနှစ် မေလ ၂၀ ရက်တွင်ပြီးဆုံးခဲ့ပြီး စုစုပေါင်း ဘတ် ၁၂၂ ဒသမ ၆၂ သန်း ကုန်ကျခဲ့သည်ဟု သိရသည်။

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၀ရက်က Conference Room of Central Mae Sot Hill Hotel မှာ ပထမ တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ပြီး Mr. Chanchai Techashongs, Project Director, DOH သည် မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့အားလက်ခံကြိုဆိုခဲ့ပါသည်။ ထိုအချိန်က မြန်မာဘက်မှ ကိုယ်စားလှယ်အဖြစ် အင်ဂျင်နီယာချုပ် ဦးကျော်လွင် (အထက်မြန်မာပြည်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ယခုပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) တက်ရောက်ခဲ့သည်ဟု သိရသည်။

ဒုတိယအကြိမ်အဖြစ် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် မြန်မာဘက်မှ ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ထိုင်းနိုင်ငံ Mr.Chanchai Techashongs, Project Director, DOH ဦးဆောင်သောအဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပြီး သင်္ကန်းညီနောင်-ကော့ကရိတ် လမ်းသစ်အတွက် စီမံကိန်းလျာထားချက် (၂၀၀၇-၂၀၀၉)ကို ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် (Location Survey and Detail Design) ဆောင်ရွက်နိုင်ခဲ့ပြီး လက်တွေ့လုပ်ငန်းကို ၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဟု သိရသည်။

သို့သော် ထိုင်းနိုင်ငံမှ ဘတ် ၁၁၄၀ ဒသမ ၃၄ သန်းခန့် အကူအညီဖြင့်ဆောင်ရွက်မည့် မြဝတီမြို့ရှိ မိုးဇ-သောင်ရင်းမြစ်ကူး ပထမ ထိုင်း-မြန်မာချစ်ကြည်ရေးတံတား ပြင်ဆင်ရန်ကိစ္စ၊ မြဝတီ-သင်္ကန်းညီနောင်လမ်းအပိုင်း တိုးတက်ပြုပြင်ရန်ကိစ္စနှင့် သင်္ကန်းညီနောင်-ကော့ကရိတ်လမ်းသစ်ဖောက်လုပ်ရန်ကိစ္စကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အပြန်အလှန်သဘောတူစာများ ပေးပို့လဲလှယ်ခြင်း (Exchange of Notes) ဆောင်ရွက်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၂၀၁၁ ခုနှစ် ဇွန်လတွင် အကြောင်းကြားလာသည်။

ထို့ကြောင့် မြန်မာနှင့်ထိုင်း အင်ဂျင်နီယာများ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ညှိနှိုင်းသဘောတူပြီးဖြစ်သော အထက်ဖော်ပြပါလုပ်ငန်းသုံးခုအတွက် ကုန်ကျငွေကို ထိုင်းအစိုးရအဖွဲ့မှ ပထမ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အခိုင်အမာပြင်ဆင်ရေးအတွက် ဘတ် ၃၅ သန်း၊ မြဝတီ-သင်္ကန်းညီနောင်လမ်းပိုင်းပြုပြင်ရေးအတွက် ဘတ်သန်း ၁၀၀၊ သင်္ကန်းညီနောင်မှ ကော့ကရိတ်အထိ လမ်းဖောက်လုပ်ရေးအတွက် ဘတ်သန်း ၉၀၀၊ လမ်းဌာနကြီးကြပ်ခ ဘတ် ၂၅ သန်း၊ အထွေထွေသုံးအတွက် ဘတ် ၁၀၆ သန်း စုစုပေါင်း ဘတ် ၁၁၆၆ သန်း ခွင့်ပြုခဲ့သည်ဟုဆို၏။

၎င်းလုပ်ငန်းသုံးခုအား ဆောင်ရွက်ရန် ကတိစာချုပ်ကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှစတင်၍ ၃၀-၄-၂၀၁၄ ရက်နေ့တွင် အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။

ထိုင်း-မြန်မာ နယ်စပ် မြဝတီမှ စတင်ဖောက်လုပ်နေသော အာရှ လမ်းမကြီးအမှတ်(၁) မြဝတီ-သင်္ကန်းညီနောင်လမ်းပိုင်းတွင် စက်ကြီးများဖြင့် ဆောင်ရွက်နေစဉ်။

PDF Compressor Pro

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကျောက်လုံးတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သုံးနှစ်တစ်ကြိမ် ရောင်တော်ဖွင့်သည့် ကုသိုလ်ယူအစဉ်အလာအဖြစ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကျောက်လုံးတော်ကြီး-လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက် အထိ ရောင်တော်ဖွင့် ပူဇော်ပြီးစီးပါကြောင်းနှင့် ဖေဖော်ဝါရီ ၁၅ ရက် နံနက်တွင် စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူးလျက် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပပြီးကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

❍ *ကျောဖုံးမှ*

မြေကာနံရံပြုပြင်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တိုင်ဖုံးများပြုလုပ်ခြင်း၊ မြေကာနံရံနှင့် ပစ်မှတ်အကြားငါးထပ်သားနံရံပြုလုပ်ခြင်း၊ ပရိသတ်ပွဲကြည့်စင်များ ပြုလုပ်ခြင်းနှင့် ကျည်ကာ Fiber အလင်းပေါက် Partition ကာရံခြင်းလုပ်ငန်းများကို ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတကာအဆင့် သေနတ်ပစ်ကွင်းအဖြစ် ပီပီပြင်ပြင်ဖြစ်ပေါ်ကာ ဆီးဂိမ်းပွဲတော်၌ သေနတ်ပစ်ပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။ သေနတ်ပစ်ကွင်းဧရိယာအတွင်း အလျား ၂၅၀ပေနှင့် အနံပေ ၂၀၀ရှိ သည့်ကား အစီး ၈၀ရပ်နားနိုင်သည့် ကားပါကင်ကိုလည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။

နိုင်ငံတကာမှသေနတ်ပစ်ကစားသမားများ တန်းစီမည့် ကွင်းရင်ပြင်ပြုပြင်ခြင်းလုပ်ငန်းများလည်း ပြုလုပ်သွားမည်ဖြစ်ရာ ၄င်းတန်းစီကွင်းသည် အလျား ၁၄၄ ပေနှင့် အနံ ၁၃၃ ပေ ကျယ်ဝန်းသည်။ အဆိုပါလုပ်ငန်းကိုလည်း သတ်မှတ်ကာလအတွင်း အပြီးပြုလုပ်သွားမည် ဖြစ်သည်။

ယခုအခါ သေနတ်ပစ်ကွင်း၏ မုခ်ဦး၊ လမ်းညွှန်များပြုလုပ်ခြင်း၊ အဝင်လမ်း တိုးချဲ့ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်ရှိနေပြီး အားကစားသမားများ၏ စားရိပ်သာပြုပြင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်ရှိနေသည်။ တစ်ခန်းလျှင် ကစားသမားသုံးဦးနားနေနိုင်သည့် အခန်း ၁၄ခန်း ပါရှိသော နားနေဆောင်ကိုလည်း ပြုပြင်မှုများပြုလုပ်သွားရန်ရှိနေသည်။ အုတ်တိုက်အဆောက်အအုံအမျိုးအစားဖြစ်ပြီး အဆောက်အအုံအမိုးများ၊ မိလ္လာနှင့် ရေရရှိမှုများကိုလည်း စနစ်တကျပြုလုပ်သွားမည်ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ သေနတ်ပစ်ကွင်းအဖြစ် သတ်မှတ်ကာလအတွင်းအပြီး တည်ဆောက်ပြုပြင်မည်ဖြစ်ရာ လိုအပ်မှုများကို အမြန်ဆုံးဖြည့်ဆည်းကာ ဆောင်ရွက်လျက်ရှိနေသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်မျှော်မှန်းနိုင်သည့် အားကစားနည်းဖြစ်သော သေနတ်ပစ်အားကစားကွင်းသည် မကြာမီနိုင်ငံတကာအဆင့်မီစွာ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့်နေ့ရက်နှင့်နေရာများ

စဉ်	အားကစားနည်း	ပြိုင်ပွဲကာလ		ကျင်းပမည့်နေရာ	မှတ်ချက်
		မှ	ထိ		
	ဖွင့်ပွဲအခမ်းအနား	၂၈-၂-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၁	ပြေးခုန်ပစ်	၃-၃-၂၀၁၃	၇-၃-၂၀၁၃	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၂	ကြက်တောင်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 ကြက်တောင်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၃	ဘတ်စကက်ဘော	၁-၃-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဘတ်စကက်ဘောလေ့ကျင့်ရေးကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၄	ဘိလိယက်/စနူကာ	၂၃-၂-၂၀၁၃	၂-၃-၂၀၁၃	TC-2 ဘိလိယက်လေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၅	ကာယကြံ့ခိုင်မှု	၁၂-၂-၂၀၁၃	-	MCC (ရန်ကုန်)၊ သဃ်န်းကျွန်းမြို့နယ်	
၆	လက်ဝှေ့	၂၄-၂-၂၀၁၃	၁-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၇	စစ်တုရင်	၂၆-၂-၂၀၁၃	၂-၃-၂၀၁၃	Gold Camp (စားရိပ်သာ)၊ ဇမ္ဗူသီရိမြို့နယ်	
	စက်ဘီး (Cross Country)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
	စက်ဘီး (Down Hill)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
၈	စက်ဘီး (BMX)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
	စက်ဘီး (Road Race)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	TC-1 စက်ဘီးလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ် (တာထွက်)ပင်လောင်းလမ်းတောင်ကျကျေးရွာနှင့် လိန်းလီတံတား (ပန်းဝင်)	
၉	ဘောလုံး(ကျား/မ)	၂၀-၂-၂၀၁၃	၇-၃-၂၀၁၃	ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ဇမ္ဗူသီရိမြို့နယ် ပေါင်းလောင်းကွင်း၊ ပျဉ်းမနားမြို့နယ် လေ့ကျင့်ရေးကွင်း (၁) (၂)ဇမ္ဗူသီရိမြို့နယ်	
၁၀	ဖူဆယ် (ကျား/မ)	၂၃-၂-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဖူဆယ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၁	ဂျူဒို	၂၅-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-2 ဂျူဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၂	ကရာတေးဒို	၄-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 ကရာတေးဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၃	ပိုက်ကျော်ခြင်း	၂၅-၂-၂၀၁၃	၅-၃-၂၀၁၃	TC-1 ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၄	စားပွဲတင်တင်းနစ်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 စားပွဲတင်တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၅	တိုက်ကွမ်ဒို	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-1 တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၆	တင်းနစ်	၂၃-၂-၂၀၁၃	၂၈-၂-၂၀၁၃	TC-1 တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၇	ပန်ကြပ်ဆီလတ်	၂-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 သိုင်းလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၈	ရိုးရာလက်ဝှေ့(မွေ့)	၃-၃-၂၀၁၃	၅-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၉	ဘော်လီဘော	၂၇-၂-၂၀၁၃	၇-၃-၂၀၁၃	TC-1 ဘော်လီဘောလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၂၀	အလေးမ	၁-၃-၂၀၁၃	၃-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ၊ ပျဉ်းမနားမြို့နယ်	
၂၁	ဝူရှူး	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-2 ဝူရှူးလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၂၂	နပန်း	၄-၃-၂၀၁၃	၇-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ၊(ပျဉ်းမနား)	
	ပိတ်ပွဲအခမ်းအနား	၇-၃-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	

● *ကျောဖုံးမှ*

ပေါင်းလောင်းကွင်း၊ Mount Pleasant စက်ဘီးကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်နှင့် ပိတ်ပွဲအခမ်းအနားကို မတ်လ ၇ရက်တို့တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း (၃၃) မျိုး ထည့်သွင်းကျင်းပမည် ဖြစ်သော်လည်း အချို့အားကစားနည်းများမှာ ကျင်းပပြုလုပ်ပြီး ဖြစ်သောကြောင့် (၂၂) မျိုးကိုသာ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ဆီးဂိမ်းပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အောင်မြင်မှု ရရှိရေးတို့အတွက် ဘက်စုံ၊ ထောင့်စုံမှ ကွက်လပ်မရှိအောင် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေပြီး ယခုဆီးဂိမ်းအကြိုပြည်ထောင်စုဖလား အားကစားပြိုင်ပွဲမှာလည်း (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အထောက်အကူပြုမည့် ပြိုင်ပွဲဟု ဆိုချင်ပါကြောင်း။

မရမ်းကျေးရွာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မဟာအောင်မြေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (တိပိဋကဆရာတော်) ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ လပွတ္တာခရိုင် ပညာရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က အမှာစကားပြောကြားသည်။ အုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်း၍ ငွေကျပ် ၁၃၃သိန်းခန့် အကုန်အကျခံ ဖောက်လုပ်ခဲ့သည့် အရှည်ပေ ၅၀၀၊ အကျယ် ၁၄ ပေရှိ မြို့မ (၄) ရပ်ကွက် (၁၀) လမ်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး မြို့ဆိပ်ကမ်းပတ်ဝန်းကျင်ကို ကြည့်ရှုပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပစ္စိမာရုံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တစိန္တိတာ လင်္ကာရအား ဖူးမြော်ကြည်ညို၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိပိဋကဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် မော်လမြိုင်ကျွန်းဆရာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုကြသည်။

လှူဒါန်း

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ အာရ်စီ ကွန်ကရစ်တစ်ထပ်ဖြစ်ပြီး ငွေကျပ် သိန်း ၆၀၀ ကျော် အကုန်အကျခံ၍ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ဆေးပညာသင်ကြားရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနနှင့် အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ် (Johns Hopkins University) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လေ့ကျင့်သင်ကြားရေးဆောင်ရွက်ရန်နှင့် ဆေးပညာသင်ကြားရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ် (၁)ရန်ကုန် ဧည့်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်မြင့်နှင့် အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ် President , Ronald, J. Daniels တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ် President, Ronald , J. Daniels နှင့်အဖွဲ့အား ကျေးဇူးတင်ရှိကြောင်းနှင့် ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်နှင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်တို့အကြား နှစ်နိုင်ငံ နည်းပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အစီအစဉ်များအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်မှုကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဖိလစ်ပိုင်ကမ်းလွန်၌ နစ်မြုပ်ခဲ့သည့် ကျောက်မီးသွေးတင်သင်္ဘော ပနားမားအလံလွှင့်ထူထားခြင်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၈ ရက်ထုတ် သတင်းစာတွင် သင်္ဘောအမှုထမ်း ၂၄ ဦးလိုက်ပါ၍ ကျောက်မီးသွေးများတင်ဆောင်ကာ တရုတ်နိုင်ငံသို့ ဦးတည်ခုတ်မောင်းလာသော မြန်မာအလံလွှင့်ထူထားသည့် အမ်ဗွီအရီတာဘောက်ဆိုက်အမည်ရှိ သင်္ဘောသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ ပန်ဂါစီနန်ပြည်နယ် ကမ်းလွန်တွင် နစ်မြုပ်ခဲ့ရာ ၁၄ ဦး ပျောက်ဆုံးပြီး၊ တစ်ဦးသေဆုံးကြောင်း ကနဦးရရှိသည့် သတင်းကို ဖော်ပြခဲ့သည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ယနေ့တွင်ရရှိသည့် သတင်းဆက်အရ အဆိုပါ MV. HARITY BAUXITE သင်္ဘောမှာ မြန်မာအလံလွှင့်ထူထားခြင်းမဟုတ်ဘဲ ပနားမားနိုင်ငံအလံလွှင့်ထူထားသည့် သင်္ဘောဖြစ်ကြောင်း၊ ပိုင်ရှင်မှာ စင်ကာပူနိုင်ငံမှဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဦးစီးဌာနမှ ရရှိသော သတင်းများအရ ပျောက်ဆုံးနေသော သင်္ဘောသား (၁၄)ဦးမှာ ဦးဝင်းကြည်၊ ဦးမျိုးအောင်၊ ဦးရဲလွင်၊ ဦးမန်းမောင်မောင်၊ ဦးအောင်သူရဝင်း၊ ဦးမြင့်မောင်မောင်ကြည်၊ ဦးကျော်မင်းမင်းဝင်း၊ ဦးခင်မောင်မြင့်၊ ဦးရဲလွင်ဌေး၊ ဦးခင်မောင်၊ ဦးကျော်သူဝင်း၊ ဦးမျိုးသန့်၊ ဦးအောင်ကျော်ဇော၊ ဦးစန်းလွင်ဦးတို့ဖြစ်ပြီး သေဆုံးသူသင်္ဘောသားမှာ ဦးမြင့်အောင်ဖြစ်ကြောင်း၊ ကယ်ဆယ်ရရှိသော သင်္ဘောသား ၉ ဦးမှာ ဦးကြည်ဝင်း၊ ဦးခင်မောင်ဝင်း၊ ဦးအောင်ကျော်ခိုင်၊ ဦးချိုအေး၊ ဦးအောင်ဆန်းဝင်း၊ ဦးအောင်သူငြိမ်း၊ ဦးဝင်းစော၊ ဦးဝင်းမင်းသိန်း၊ ဦးသန့်ဇင်မိုးတို့ဖြစ်ကြောင်း သိရှိရပြီး သတင်းဆက်ရရှိပါက ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

PDF Compressor Pro

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သာစည်မြို့နယ်မှ နွားချေးများ တောင်ပေါ်ဒေသသို့ တင်ပို့ရောင်းချ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာ ဒေသတချို့မှ စိုက်ပျိုးမြေဩဇာ လုပ်ငန်းသုံး နွားချေးများကို တောင်ကြီး၊ ပင်လောင်း၊ လွိုင်ကော်၊ တီကျစ် စသည့် တောင်ပေါ်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ်အတွင်း လယ်ယာလုပ်ငန်းနားချိန်တွင် ဝင်ငွေအပိုရလုပ်ငန်းအဖြစ် နွားချေးတင်ပို့ရောင်းချခြင်းကို လုပ်ကိုင်လျက်ရှိရာ လှိုင်းတက်ကျေးရွာအုပ်စု မယ်ဇလီကန်ကျေးရွာ ဒေသခံများသည် နွားချေးများစုစည်းသိမ်းကျုံးလျက် ရွာရှိနွားချေးအဝယ်ဒိုင်တွင် ရောင်းချနေသည်။ နွားချေးတစ်အိတ်ကို ကျပ် ၆၀၀ နှင့်ဝယ်ပြီး ရွာရှိ နွားချေးဒိုင်ဆီသွား သွင်းရကြောင်း၊ ဒိုင်က အမှုန့်ကြိတ်စက်နှင့်အမှုန့်ကြိတ်ပြီး အမှိုက်သရိုက်မပါအောင် သန့်စင်ကြောင်း၊ ထို့နောက် တစ်တင်းခွဲဝင် ဆာလာအိတ်နှင့် တစ်အိတ်ချင်းထည့်ပြီး ရှမ်းပြည်နယ်တောင်ကြီး၊ ပင်လောင်း၊ တီကျစ်နှင့် လွိုင်ကော် ဒေသများအထိ တင်ပို့ ရောင်းချကြောင်း၊ ဒိုင်က နွားချေး တစ်အိတ်ကို ငွေကျပ် ၁၀၀၀ ဖြင့် တင်ပို့ရောင်းချရသည်ဟု သိရကြောင်း မယ်ဇလီကန်ကျေးရွာမှ ဦးသိန်းအောင်က ပြောကြားသည်။ သာစည်မြို့နယ်အတွင်း ကျေးရွာဒေသတချို့တွင် မိုးရာသီအတွင်းက မိုးရွာသွန်းမှု နည်းပါးသောကြောင့် နွားစာရှားပါးမှုကို ကြုံရသော်လည်း လှိုင်းတက် ကျေးရွာအုပ်စုအတွင်းရှိမယ်ဇလီကန်ကျေးရွာတွင် နွားစာရှားပါးမှုကို ကြုံတွေ့ရခြင်းမရှိဘဲ လယ်ယာလုပ်ငန်းနားချိန်တွင် နွားချေးရောင်းချခြင်းလုပ်ငန်းမှမိသားစု အပိုဝင်ငွေစုဆောင်းခြင်းကို ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ **(ထီလာသား)**

E-Pension ကတ်ဖြင့် ပင်စင်ထုတ်နိုင်ပြီ

မြင်းမူ ဖေဖော်ဝါရီ ၁၈

မြင်းမူမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ယခု ဖေဖော်ဝါရီလမှ စတင်၍ E-Pension ကတ်ရရှိပြီး အငြိမ်းစားများ ကတ်စနစ်ဖြင့် စတင်ထုတ်ယူနိုင်ပြီဖြစ်သည်။

E-Pension ကတ်ရရှိပြီး အငြိမ်းစားများ ပင်စင်ထုတ်မည်ဆိုပါက ပင်စင်ပုံစံတင်ရန် မလိုတော့ပါ။ တံဆိပ်ခေါင်းခွန်ငွေကို E-Pension ကတ်မှ ဖြတ်၍ ကျန်ငွေကိုသာ ထုတ်ပေးမည်ဖြစ်သည်။ ပင်စင်လစာကို လစဉ် ၂၀ ရက် မှစ၍ ထိုလအတွက် ပင်စင်ကတ်မှ ထုတ်ပေး မည်ဖြစ်သည်။ ဥပမာ ဖေဖော်ဝါရီလတွင် နောက်ဆုံးပင်စင်ထုတ်ယူခဲ့သည့် အငြိမ်းစားသည် မတ်လအတွက် ပင်စင်ထုတ်ယူလိုပါက မတ် ၂၀ ရက်မှ ၃၁ ရက်အတွင်း ကတ်ကို ဘဏ်သို့ ရုံးချိန်အတွင်း တင်ပြထုတ်ယူနိုင်သည်။

ပင်စင်လစာ မထုတ်ဖြစ်ခဲ့သည့် လများအတွက် ၁ ရက်မှ ၂၀ ရက်အထိ ဘဏ်ရုံးချိန်အတွင်း ထုတ်ယူနိုင်သည်။ E-Pension ကတ် တန်ဖိုး ငွေကျပ် ၃၅၀၀ ပေးသွင်းရသည်။ လူကိုယ်တိုင်(သို့)ကိုယ်စားလှယ်ဖြင့် ထုတ်ယူ နိုင်သည်။ ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက လွှဲစာပါရမည်။ မြင်းမူ မြန်မာ့စီးပွားရေးဘဏ်တွင်ယနေ့အထိ အငြိမ်းစား ၉၈၈ ဦးရှိပြီး E-Pension ကတ်ရရှိပြီး စာရင်းမှာ ၆၂၉ ဦးရှိပြီ ဖြစ်သည်။ ပင်စင်ပုံစံတင်၍လစဉ်ထုတ်ယူ နေသူဦးရေမှာ ၄၈၀ မှ ၅၀၀ ဝန်းကျင်ခန့်ရှိကြောင်းသိရသည်။ E-Pension ကတ်ရရှိပြီး အငြိမ်းစားများထံမှ ကြားသိရသည်မှာပင်စင်ထုတ်ရင် တစ်ကြိမ်တည်းနှင့် လျင်မြန်လွယ်ကူစွာ ထုတ်နိုင်ပြီး မိမိထုတ်လိုသည့် ကတ်ကို၂၀ရက်မှ ၃၁ရက်အတွင်းအဆင်ပြေစွာထုတ်ယူနိုင်ပြီဟု ဝမ်းသာပီတိစကားကို ကြားသိရသည်။ **(ခင်မာအေး)**

အရန်မီးသတ်စခန်းစာရင်းကောက်၍ ငွေလှူ

မန္တလေး ဖေဖော်ဝါရီ ၁၈

မန္တလေး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ ရပ်ကွက်အရန်မီးသတ် ဖွဲ့စည်းတည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက (၈၃)ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဦးအောင်တင့်က ရပ်ကွက်ပိုင်အရန်မီးသတ်စခန်းပိုင်မြေပေါ်တွင် ရပ်ကွက် အရန်မီးသတ်စခန်းအသစ်တည်ဆောက်ရေးအတွက် လုပ်ငန်းကိစ္စရပ်များနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်က မိမိခြေထောက်ပေါ် မိမိရပ်တည်၍ ရပ်ကွက်ပိုင် အရန်မီးသတ်စခန်းသစ် တည်ဆောက်ရေးအတွက် လိုအပ်သောဆောက်လုပ်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ငွေကျပ်သိန်း ၁၂၀ ကျော်တန် ရပ်ကွက် မီးသတ်စခန်းပိုင်မြေပေါ်တွင် မီးသတ်စခန်းသစ် တည်ဆောက်ရေးအတွက် မင်းမင်းကျော်ကဖေနှင့် (၈၃)ဟိုတယ်ပိုင်ရှင် ဦးဇော်သိန်း-ဒေါ်အေးအေးကျန်တို့က ကျပ်ငါးသိန်း၊ (၈၀)လမ်း ယူနန် ဗုဒ္ဓဘာသာ ဘုရားကျောင်းကိုယ်စား ဥက္ကဋ္ဌ ဦးကျော်စိန်က ငွေကျပ် ငါးသိန်း၊ ချိုချိုခေါင်းအုံးနှင့်မွေ့ရာဆိုင် ဦးအောင်သိန်းမြင့် မိသားစုက ငွေကျပ် ငါးသိန်း တို့ကို ပေးအပ်လှူဒါန်းရာ ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် မြို့နယ်တပ်ခွဲမှူး အောင်တင်တို့က လက်ခံယူကြသည်။

အဆိုပါ ရပ်ကွက်အရန်မီးသတ်စခန်း ဆောက်လုပ်ရေးအတွက် လှူဒါန်းလိုသော ရပ်ကွက်ပြည်သူများအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အရန်မီးသတ်စခန်းတို့တွင် ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၂၆)**

ဘုန်းတော်ကြီးသင် ပရဟိတ အလယ်တန်းကျောင်းခွဲတွင် စာပေရေချမ်းစင်ဖွင့် စာဖတ်ရှိန်မြှင့်

ကသာ ဖေဖော်ဝါရီ ၁၈

ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်သတင်းထောက်များ၏ ပူးပေါင်းစီစဉ်မှုဖြင့် ကသာမြို့ အမှတ်(၇)ရပ်ကွက် ဘုန်းတော်ကြီးသင်ပရဟိတ အလယ်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနေသည့် မိဘမဲ့ကလေးများ၊ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ အသိအမြင်ဗဟုသုတ ကြွယ်ဝဖွံ့ဖြိုးရေးအတွက် စာပေရေချမ်းစင်ဖွင့်လှစ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်းဘက်စုံခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာတော် ဦးဇောတာလင်္ကာရ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးချီမောင်၊ မြို့နယ်သတင်းထောက် ဦးစမ်းဦးတို့က စာပေရေချမ်းစင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စေတနာရှင် အလှူရှင်များက စာပေရေချမ်းစင်အတွက် သုတရသစာအုပ်မျိုးစုံ၁၀၀၊ မဂ္ဂဇင်း မျိုးစုံ ၅၀၊ ဂျာနယ်မျိုးစုံ စောင်ရေ ၂၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ခံဆရာမ ဒေါ်ငွေငွေက လက်ခံယူသည်။ ဆက်လက်၍ ဦးချီမောင်(ခရိုင်ပြန်/ဆက်)၊ဦးစမ်းဦး(မြို့နယ် သတင်းထောက်)၊ ဦးအောင်လွင် (အား/ကာ) တို့က စာဖတ်ချင်စိတ် ဖြစ်ပေါ်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ အားကစားနှင့် လေ့ကျင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဗန်းမော်မြို့ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ဗန်းမော် ဖေဖော်ဝါရီ ၁၈

ပူပြင်းခြောက်သွေ့ ရာသီရောက်လာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဗန်းမော်မြို့ သုံးမိုင် ရွှေပြည်သာရွာ ဘောလုံးကွင်းတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင် မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့၏ကြီးကြပ်မှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြသည်။ **(ယာပုံ)** အဆိုပါ လေ့ကျင့်ရေးကွင်း၌ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မီးသတ်ကားများ၊ မီးသတ်ဆေးဘူးများကို အသုံးပြုပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက် လေ့ကျင့်ကြကြောင်း သိရှိရသည်။ **(ဆီမီးခုံ -နန်းရီ)**

ကသာမြို့နယ်တွင် အဖိုးတန်သစ်မာများ ထုတ်လုပ်နေမှု ပိုမိုမြင့်မားလာ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ကသာမြို့နယ်သည် ရှေးယခင်ကပင် ကျွန်းသစ်နှင့်တကွ အခြားသစ်မာမျိုးစုံတို့ ရှင်သန်ပေါက်ရောက်ရာ မြေဆီသြဇာပြည့်ဝသည့် ဒေသဖြစ်သည်။ ကသာမြို့နယ်တွင် သစ်တောကြိုးဝိုင်းများ ရှိကြသည့် အနက် ယင်းခဲကြိုးဝိုင်းနှင့် ဖက်ဆွတ်ကြိုးဝိုင်းတို့မှာ ထင်ရှားကျော်ကြားသော သစ်တော ကြိုးဝိုင်းများဖြစ်ကြသည်။ ဖက်ဆွတ်ကြိုးဝိုင်းကို ကသာခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့က ယခုနောက်ပိုင်းတွင် စနစ်တကျ ထိန်းသိမ်းကြပ်မတ်မှုတို့ကြောင့် စိမ်းလန်းဝေဆာ၍ စနစ်ကျလှသော ကြိုးဝိုင်းအဖြစ် ဆက်လက်တည်ရှိနေပါသော်လည်း ဧကပေါင်းသောင်းချီရှိသည့် နာမည်ကျော်ယင်းခဲ သစ်တောကြိုးဝိုင်းကြီးမှာမူ လွန်ခဲ့သော နှစ် ၂၀ ခန့်ကပင် ပျက်စီးပျောက်ကွယ်သွားပြီဖြစ်သဖြင့် ယခု အချိန်တွင် ပြန်လည်စိုက်ပျိုးနေကြရသည်။

မြန်မာနိုင်ငံတွင် သစ်တောဧရိယာ နည်းပါးလာသည့်အတွက် လာမည့် ၂၀၁၄ ခုနှစ်တွင် သစ်ထုတ်လုပ်မှုများကို လျှော့ချသွားမည်ဟု ဆိုသော်လည်း ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ နှစ်ဦးပိုင်း သစ်ထုတ်ရာသီတွင်မူ တရားဝင်သစ်ထုတ်လုပ်မှုမှာ ပိုမိုများပြားလာသည်ကို တွေ့မြင်ရသည်။ ထို့အတူ တရားမဝင် သစ်ထုတ်လုပ်မှုများရှိနေသဖြင့် ကသာခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့က ဧရာဝတီမြစ်ကို အထက်အောက်စုန်ဆန်ကာ ဖမ်းဆီးစစ်ဆေးနေကြရသည်။ ယင်းကဲ့သို့ သစ်တောဧရိယာ အများအပြားကို တရားဝင်ဖြစ်စေ၊ တရားမဝင် ဖြစ်စေ ခုတ်ယူသုံးစွဲနေခြင်းကြောင့် သဘာဝဘေးဆိုးများ ဖြစ်သော ရေလွှမ်းမိုးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ပူပြင်းခြောက်သွေ့ကာ အပူလှိုင်းဖြတ်ခြင်း စသည့် သဘာဝဘေးဒုက္ခများကို ဒေသခံများ ခံစားကြရသကဲ့သို့ သဘာဝသစ်တောများအတွင်း နေထိုင်ကျက်စားနေကြသော တောရိုင်းတိရစ္ဆာန်များ အနေဖြင့်လည်း ၎င်းတို့၏ သဘာဝနေရာနှင့် အသိုက်အမြုံ အများအပြားပျက်စီးခြင်းတို့ကို ကြုံတွေ့ကြရသဖြင့် သစ်တောသစ်ပင်တို့ကို စနစ်တကျမဟုတ်ဘဲ အလွန်အကျွံခုတ်ယူအသုံးပြုခြင်းသည် သက်ရှိသတ္တဝါနှင့်တကွ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးသည်ပင်လျှင် ပျက်စီး ပျောက်ကွယ်သွားစေနိုင်သဖြင့် ယခုအချိန်မှစတင်ကာ သစ်တောသစ်ပင်ခုတ်ယူအသုံးပြုမှုကို လျှော့ချနိုင်ပါက သဘာဝပတ်ဝန်းကျင်အား ကြိုတင်ကာကွယ်ရာရောက်ကြောင်း သဘာဝပတ်ဝန်းကျင် မြတ်နိုးသူများထံမှ သိရသည်။ **ငွေအိုး(ကသာ)**

ရထားစီးခရီးသည်များ၏ အခက်အခဲ ဖြေရှင်းပေးစေလို

မန္တလေးနှင့် မြစ်ကြီးနားမီးရထားလမ်းတစ်လျှောက်ရှိ ပြည်သူများသည် ခရီးသွားလာရာတွင် အထူးသဖြင့် ကောလင်းရထားနှင့်နဘားရထားတို့ကို အားထားပြီး နေ့စဉ်သွားလာနေရပါသည်။ သို့သော်လည်း ထိုရထားနှစ်စင်းလုံးသည် လူစီးတွဲ နည်းပါးခြင်း၊ လူစီးတွဲများပေါ်တွင် ကုန်စည်များသာ အများဆုံးတင်ဆောင်နေခြင်း၊ လုံခြုံရေးလိုက်ပါသူများအနေဖြင့် ထိုင်ခုံများ ရောင်းစားခြင်းတို့ကြောင့် ခရီးသွားပြည်သူများ ကြုံတွေ့နေရသော ပြဿနာတို့ကို သက်ဆိုင်ရာမှ လိုအပ်သလိုဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရေးသားတင်ပြပါသည်။

မောင်မြတ်နွေး (ဝက်လက်)

တရုတ်နိုင်ငံလုပ် ဘီယာပုလင်းနှင့် သံဘူးများ ဖမ်းမိ

ကသာ ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံလုပ် ဘီယာများ မြို့နယ်ဆိပ်ကမ်းသို့ ဝင်ရောက်မှုမရှိစေရေးအတွက် မော်တော်ရေယာဉ်များသို့ သတိပေးအကြောင်းကြားခဲ့ပြီး ဗန်းမော်မြို့မှ စုန်ဆင်းလာသည့် မော်တော်များအား တာဝန်ရှိသူများက စစ်ဆေးကြီးကြပ်မှုများ ပြုလုပ်ခဲ့ရာ အချို့သောရေယာဉ်များသည် ကသာမြို့နှင့်အလှမ်းဝေးသည့် ကျေးရွာ ဆိပ်ကမ်းများတွင် ဆိုက်ကပ်၍ ကသာ၊ အင်းတော်၊ ဗန်းမောက်နှင့် မိုးညှင်းမြို့နယ်များသို့ ဆက်လက်ဖြန့်ဖြူးနေကြကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က ကသာမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာ အောင်ချမ်းသာ ကျေးရွာ ဧရာဝတီဆိပ်ကမ်းတွင် မသက်ာဖွယ် မော်တော်တစ်စင်း ဆိုက်ကပ်၍ ကုန်တင်ကုန်ချပြုလုပ်နေကြောင်း သတင်းအရ ကသာရဲစခန်း တာဝန်မှူး ဒုရဲအုပ်မြင့်သိန်းနှင့် ရဲ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ စန်းသီတာ အမည်ရှိ မော်တော်ပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ တရုတ်ဘီယာ ၁၂ ပုလင်းစီပါရှိသည့် ဂျပ်ဖာ ၂၇၇ဖာ ၃၃၂၄ ပုလင်းတန်ဖိုး ငွေကျပ် ၈၃၁၀၀၀၊ သံဘူးဘီယာ ၂၄ ဘူးစီပါရှိသည့် ဂျပ်ဖာ ၉၄ ဖာ ၂၂၅၆ ဘူး တန်ဖိုးငွေကျပ် ၄၇၀၀၀၀၊ အရက်ချက်ရာတွင် ရောစပ် အသုံးပြုရသည့် အရက်ချက်ဆေး အထုပ်ကြီး ၁၇ ထုပ် တန်ဖိုးငွေကျပ် ၁၄၉၆၀၀ တွေ့ရှိခဲ့သည်။ ကသာရဲစခန်းက ရေယာဉ်နှင့် ပစ္စည်းများကို သိမ်းဆည်းပြီး ရေယာဉ်ပိုင်ရှင် သိန်းလွင် ၃၅ နှစ် စေတီကုန်းရွာ ကသာမြို့နယ်နှင့်ပစ္စည်းပိုင်ရှင်များဖြစ်သည့် ခင်မောင်ဦး ၃၉ နှစ်၊ ရပ်ကွက်(၂) ကသာမြို့၊ ဇော်မင်းသက် ၃၉နှစ်ရပ်ကွက်(၄)ကသာမြို့၊ခင်မောင်ဝင်း ၅၂ နှစ်၊ ရပ်ကွက်(၇) ကသာမြို့တို့အား ပို့ကုန်သွင်းကုန် ဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။ **စမ်းဦး(ကသာ)**

သတင်းစာဖတ်ပရိသတ်များထံ အသိပေးတင်ပြခြင်း

မန္တလေးနှင့် အထက်မြန်မာပြည်သတင်းများကို ရောင်စုံစာမျက်နှာများဖြစ်သည့် စာမျက်နှာ ၁၀ နှင့် ၁၁ တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပရိသတ်များအား လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၂-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၃ တရားတော်
၇:၁၅ ဓမ္မပူဇာတေး
၇:၂၀ မျိုးချစ်တပ်မတော်
၇:၄၃ မြန်မာသံစဉ်ချိုနားဝင်
၇:၅၃ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၇ အမျိုးသားရေးတေးကဗျာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၄ အမျိုးသားရေးတေးကဗျာ
၈:၁၀ ဇာတ်လမ်းတို
၈:၂၅ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၁၅ မျိုးချစ်တပ်မတော်
၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ အင်္ဂလိပ်စာသုတ
၄:၄၅ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင် ဒုတိယတွဲ** (အပိုင်း-၇၉)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၀၅ အမျိုးသားရေးတေးကဗျာ
၆:၁၅ သီချင်းဝိုင်း
၆:၃၀ Football City Tour
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ** (အပိုင်း-၁၂)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆွဲအားပြင်းတဲ့ချစ်ခြင်း** (အပိုင်း-၁၀)
- မြဝတီရုပ်မြင်သံကြားသတင်း

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

ရှမ်းပြည်နယ်မှာ ဆောင်ရွက်ခဲ့တဲ့ EPD စီမံကိန်းအရ အခြေခံပညာ ဦးစီးဌာနရဲ့ သတ်မှတ်ချက်များနဲ့အညီ ပေ (၁၂၀×၃၀)၊ ပေ (၉၀×၃၀)ရှိ ကျောင်းဆောင်သစ်များကို ဒေသခံ ပြည်သူများနဲ့ ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊ ကျောင်းဆောင်သစ်ပြီးစီးတဲ့ကာလမှာ ဒေသခံ ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှု (ငွေကြေး၊ ဆောက်လုပ်ရေးပစ္စည်း၊ လုပ်အားပေး)များကို ပြန်လည်တွက်ချက်ပြီး ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် ပြန်လည်ပေးအပ်ခြင်း၊ ၎င်းရန်ပုံငွေကို မတည်ပြီး ပညာရေးရန်ပုံငွေအတွက် ဒေသနဲ့ကိုက်ညီမှုရှိတဲ့ ဝင်ငွေတိုး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (ဥပမာ- ဆန်စက်လုပ်ငန်း၊ အသေးစားရေအား လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အချိန်တို အသေးစား စိုက်ပျိုးစရိတ် အမတော်ကြေးလုပ်ငန်း၊ စုပေါင်းခြံလုပ်ငန်း)နဲ့ စိုက်ပျိုးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး နည်းပညာ ပြန့်ပွားစေရန် ရည်ရွယ်ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လက်တွေ့သရုပ်ပြခြင်းတို့ကိုပါ လုပ်ငန်းစဉ်များ အဖြစ်ထည့်သွင်း အကောင်အထည်ဖော်ခဲ့ကြောင်းပါ။

"အမိုးသက်တမ်းတစ်လျှောက်လုံးမှာ အခုလို ကရင်ပြည်နယ်ကြီး တစ်ခုလုံး သေနတ်သံတွေ တိတ်ဆိတ်သွားခဲ့တာမျိုးမရှိခဲ့ဖူးပါဘူး" ဒေသခံအဘွားတစ်ဦး။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကတော့ ကြည်နူးစရာကောင်းလှပါတယ်။ တိုင်းရင်းသူ ရင်သွေးငယ်များကို မေးမြန်းတီးခေါက်ကြည့်သမျှ အနာဂတ်မှာအားလုံးက ကျောင်းဆရာမ လုပ်မယ်လို့ပဲ ကြားခဲ့ရတာ ဝမ်းမြောက်စရာကောင်းပါတယ်။

Mr.Sa Sa Ka Wa က တိုင်းရင်းသားရင်သွေးငယ်များကို "စာကြိုးစားကြပါ၊ ဂျပန်နိုင်ငံကို လာလည်ကြပါ၊ မျှော်နေပါမယ်၊ အဘိုးငယ်ငယ်တုန်းကလည်း ရွာမှာပဲကြီးလာခဲ့တာပါ၊ ဆင်းရဲပါတယ်၊ ဒါပေမယ့် အဘိုးစာကြိုးစားခဲ့လို့ တစ်ကမ္ဘာလုံးကို သွားနိုင်ပြီ။ ဒါကြောင့် မသိတာ၊ မတတ်တာတွေကို ဆရာ ဆရာမတွေကိုမေးမြန်းပါ။ သေသေချာချာ လေ့လာမှတ်သားပါ။ အဘိုးကိုယ်တိုင် နားမလည်သေးတာ၊ မသိတာ အများကြီးရှိသေးတယ်" လို့ မှာကြားခဲ့ပုံကလည်း သူ့ရဲ့စေတနာကို ထွင်းဖောက်တွေ့မြင်ရသလိုပါပဲ။ ညနေပိုင်းမှာတော့ တောင်ကြီးမြို့နယ် အတွင်းက ကျေးရွာတွေမှာ တိုင်းရင်းဆေးသေတ္တာများကို သွားရောက်လှူဒါန်းခဲ့ပါသေးတယ်။

ဖေဖော်ဝါရီ ၁၀ ရက်မှာတော့ ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာအုပ်စု အင်းပေါခုံရွာသစ်ကျေးရွာကို သွားရောက်ခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ် မေလ ၃ ရက်က လွှဲပြောင်းပေးအပ်ပြီး ဖွင့်လှစ်ထားတဲ့ မူလတန်းလွန်ကျောင်းမှာ ပညာသင်ကြားနေတဲ့ တိုင်းရင်းသားရင်သွေးငယ်များကို သွားရောက်နှုတ်ဆက်အားပေးဖို့ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်အကဲခတ်မိသမျှ ဂျပန်လူမျိုးတွေရဲ့ အလုပ်နဲ့ကိုယ်ရေးကိုယ်တာ ခွဲခြားဆောင်ရွက်မှုကို သတိပြုမိပါတယ်။ ဒေသခံမိဘပြည်သူများ၊ မိဘ၊ ဆရာ၊ ကျောင်းသားများနဲ့ တွေ့ဆုံမှုကိုပဲ အဓိကထားပြီး ဖောင်တော်ဦး စေတီတော်မြတ်ကိုပင် ခေတ္တဝင်ရောက် မဖူးမြော်ကြတော့ပဲ ဟဲဟိုးလေဆိပ်ကို တန်းဆင်းခဲ့ကြလို့ပါပဲ။

ရန်ကုန်မြို့ကို ညနေ ၆ နာရီခန့်ရောက်၊ တစ်ညအိပ်ပြီး ဖေဖော်ဝါရီ ၁၁ ရက် နံနက်မှာတော့ ကရင်ပြည်နယ်ကို ဆက်လက်ခရီးဆက်ခဲ့ကြပါတယ်။

နိပ္ပွန်ဖောင်ဒေးရှင်းက စစ်ဘေးသင့်ဒေသများအတွင်း၌ တိုင်းရင်းသားများအား လူသားချင်းစာနာထောက်ထားတဲ့ အကူအညီများပေးအပ်ခြင်းအစီအစဉ်အတွက် ဖြစ်ပါတယ်။ အခမ်းအနား ကျင်းပတဲ့ အချိန်ကလည်း (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်နေလို့ တကယ့်ကို မင်္ဂလာရှိတဲ့ အချိန်အခါသမယပါ။ ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေး အဆင့်ရောက်အောင် အဖြေရှာနေတဲ့ အချိန်အခါလည်းဖြစ်လို့ နိုင်ငံရေး အနှစ်သာရပါ ပြည့်ဝတဲ့အသွင်ဆောင်စေပါတယ်။

အခမ်းအနားကို ဘားအံမြို့မှာ ကျင်းပပြီး စစ်ဘေးသင့်ဒေသများ အတွင်းက တိုင်းရင်းသားများ အတွက် လူသားချင်းစာနာထောက်ထားတဲ့အကူအညီအဖြစ် ဆန်အိတ်ပေါင်း ၂၂၀၀ ကို ကရင်အမျိုးသားအစည်းအရုံး (KNU) အပါအဝင် ကရင်တိုင်းရင်းသားအဖွဲ့အစည်းများမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် တရီးဖိုးခီးကျေးရွာရှိ ဒေသခံပြည်သူများကို NIPPON Foundation ဥက္ကဋ္ဌက လူသားချင်းစာနာ ထောက်ထားသည့် အကူအညီများ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဤသို့ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးမှာတော့ သီးခြားအစီအစဉ်အဖြစ် Mr. Sa Sa Ka Wa ကိုယ်တိုင် လှိုင်းဘွဲ့မြို့နယ် အတွင်းက အိမ်ခြေ ၅၁အိမ်၊ အိမ်ထောင်စု ၆၇ စု၊ လူဦးရေ ၃၁၅ ဦးရှိတဲ့ တရီးဖိုးခီးကျေးရွာအရောက် ခရီးဆန့်ပြီး ဆန်အိတ်များကို ကိုယ်တိုင်ကိုယ်ကျ လက်ရောက် လှူဒါန်းခဲ့ပါတယ်။

ဖုံလုံးဖုံလိပ်ကြီးများက ထောင်းထောင်းထပြီး ချောင်းငယ်မြောင်းငယ် အထပ်ထပ်ကို ကျော်ဖြတ်မောင်းနှင်ခဲ့ရတဲ့ဒီခရီးက လှိုင်းဘွဲ့မြို့ကနေ နာရီနဲ့ချီပြီးကြာပါတယ်။ ဒါပေမယ့်

တရီးဖိုးခီးကျေးရွာရှိ ဒေသခံပြည်သူများအား ဆန်များကို ဤသို့ ကိုယ်ထိလက်ရောက်လှူဒါန်းသည်။

ယမ်းငွေ့တွေအစား ဖုံငွေ့တွေပဲ တွေ့ရတာ အင်မတန်ကောင်းမွန်ပါတယ်။ ဒီဖုံငွေ့တွေကြားမှာ ထာဝရငြိမ်းချမ်းရေးရဲ့ ရောင်ခြည်တန်းတွေကို ကျွန်တော်တို့အားလုံး မြင်တွေ့နေရလို့ပါ။ ဒ့ါပြင် ဒီဖုံလုံးဖုံလိပ်ကြီးရဲ့ နောက်ကွယ်မှာ မြန်မာနိုင်ငံသားအားလုံးအပါအဝင် တစ်ကမ္ဘာလုံးကပါ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးနဲ့ သာယာဝပြောမှုကို ဘယ်လောက်တန်ဖိုးထား လိုလားကြတယ်ဆိုတာကို တွေ့မြင်ရမှာပါ။

တရီးဖိုးခီးကျေးရွာကို ရောက်တဲ့အခါမှာ မြန်မာစကားမတတ်တဲ့ ဂျပန်၊ မြန်မာစကားမတတ်တဲ့ ကရင်တိုင်းရင်းသား၊ ကရင်စကား မတတ်တဲ့ ဂျပန်-မြန်မာဆိုတာ မရှိတော့ပါဘူး။ လူသားတို့ရဲ့ သရုပ်သကန်၊ လူသားချင်းစာနာတတ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ပဲ ရှိပါတော့တယ်။

ငြိမ်းချမ်းရေးအကျိုးဆောင် ဖထီးဦးစောဘိုးနီက "ဒါပထမဦးဆုံး အကြိမ်လာလှူတာဖြစ်လို့ အားလုံးဝမ်းသာနေကြတယ်။ အဓိကလိုအပ်တာက ငြိမ်းချမ်းရေးပဲ။ ငြိမ်းချမ်းရေးရရင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး ဒါတွေတစ်ဆက်တည်းကောင်းသွားပါလိမ့်မယ်။ ကချင်ပြည်နယ်စစ်ပွဲဆိုတော့ ကရင်ပြည်နယ်ရဲ့ စစ်ပွဲထက်စာရင် မိုင်နာပဲ။ ဒါကြောင့် ကရင်ပြည်နယ်မှာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးတာကို ကြားရတဲ့ ဒေသခံတွေ အတော်ဝမ်းသာနေကြတယ်။ စစ်မရှိတော့ဘူး။ ဒါကြောင့် ကိုယ့်ဒေသမှာ ပြန်နေလို့ရမယ်။ အေးအေးဆေးဆေးနဲ့ အတူတကွပူးပေါင်းပြီးတော့မှ နေကြရတော့မယ်။ ဒေသခံတွေလည်း ရဲရဲတင်းတင်းသွားလာနိုင်ကြပြီ၊ ပျော်ပွဲရွှင်ပွဲတွေလည်းရှိလာတော့ ဝမ်းသာကြတာပေါ့။ ကျန်တဲ့ ငြိမ်းချမ်းရေး လိုချင်သူအားလုံးလည်း ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်။ ရှေးရှေးက ကွယ်လွန်သွားကြတဲ့ သူတွေလည်း ဒီလို ငြိမ်းချမ်းရေးတွေ ရလာပြီဆိုတာ သူတို့သိကြရင် ဝမ်းသာကြမှာပဲ" လို့ ဆိုပါတယ်။ ကျေးရွာရဲ့ ဒေသခံပြည်သူတစ်ဦးကလည်း "အခုလို သေနတ်သံတွေတိတ်ပြီး လာရောက်လှူဒါန်းတာကို အင်မတန်ဝမ်းသာပါတယ်"လို့ ကရင်ဘာသာစကားနဲ့ ဆိုရှာပါတယ်။

အသက် ၅၀ အရွယ်ရှိ အမိုးကလည်း "အမိုးအသက် ၅၀ ရှိပါပြီ၊ မိသားစု ကိုးယောက်ရှိပါတယ်။ အရင်က အခုလိုပျော်ပျော်ရွှင်ရွှင် မနေရဘူး။ အခုလို အေးချမ်းသွားတဲ့အတွက် ဝမ်းသာပါတယ်။ အမိုးသက်တမ်းတစ်လျှောက်လုံးမှာ အခုလို ကရင်ပြည်နယ်ကြီးတစ်ခုလုံး သေနတ်သံတွေ တိတ်ဆိတ်သွားခဲ့တာမျိုး မရှိခဲ့ဖူးပါဘူး။ ညီအစ်ကို မောင်နှမတွေအားလုံး အခုလိုပဲ အေးချမ်းစွာ နေချင်ပါတယ်" လို့ ကရင်ဘာသာနဲ့ ရင်တွင်း စကားဆိုခဲ့ကြောင်းပါ။

မှန်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း နားလည်မှုလွဲမှားခဲ့ကြရာကစပြီး လွတ်လပ်ရေးရဲ့ ဖွားဖက်တော်အဖြစ် စတင်ပေါက်ဖွားလာခဲ့တဲ့ ဒီပဋိပက္ခတွေကို ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပစ္စုပ္ပန်လီမန်ဒီမိုကရေစီ အစိုးရခေတ်မှာပဲ နိဂုံးကမ္ပတ် ချုပ်ငြိမ်းသွားစေဖို့က နိုင်ငံသားအားလုံးရဲ့ သမိုင်းပေး တာဝန်တစ်ရပ်ပါပဲ။

အနာဂတ်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ စုစည်းနေထိုင်တဲ့ ပြည်ထောင်စုမြေပေါ်မှာ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေ ပူပင်ကြောင့်ကြမှု ကင်းကင်းနဲ့ ပြေးလွှားဆော့ကစား၊ မြူးထူးပျော်ပါးနေနိုင်ဖို့ကလည်း လက်ရှိမျိုးဆက်တွေရဲ့ တာဝန်ပါ။

ဒီတစ်ခေါက် နိပ္ပွန်ဖောင်ဒေးရှင်းရဲ့ ကရင်ပြည်နယ်ခရီးစဉ်က တကယ့်ကိုအမှတ်တရပါပဲ၊ ကျွန်တော်တို့ ရှေ့ဘယ်လိုခရီးဆက်ကြမလဲ၊ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေး အတွက်အတူတကွ ဘယ်လိုဆက်လုပ်ကြမလဲဆိုတဲ့ အတွေးအမြင်တွေရခဲ့လို့ပဲ ဖြစ်ပါတယ်။ သေချာတာတစ်ခုကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံ ညစာထမင်းပွဲကြီးမှာ ပြောခဲ့တဲ့ "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအားငွေအားပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး ကရင်ကတဖုံ၊ ရှမ်း ကချင်ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်မယ်" ဆိုတဲ့ သမိုင်းဝင်မိန့်ခွန်းအတိုင်း သူ့ကြောင့်၊ ငါ့ကြောင့်ဆိုတဲ့ အမြင်တွေရှိနေသမျှ ပဋိပက္ခတွေ၊ ဝေဖန်ပြောဆိုရေးသားမှုတွေနဲ့ အကျိုးရှိနိုင်မှာမဟုတ်ဘူး။ သို့မို့ကြောင့် နောက်ကျကျန်ရစ်နေတဲ့ ပြည်ထောင်စုလှေကြီးကို တိုင်းရင်းသားအားလုံး အသစ်တစ်ဖန် တက်ညီလက်ညီ အားသွန်ခွန်စိုက် လှော်ခတ်ကြပါစို့လို့ပဲ ဆိုပါရစေ။

ကြည့်မြင်တိုင်၌မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ယနေ့ ညနေ ၃နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး အနောက်ရပ်ကွက် ရတနာပုံလမ်း အမှတ် ၃၁ အေ ငါးလွှာနေ ဦးဝင်းနိုင်၏ အခန်း၌ မီးလောင်မှုဖြစ်ခဲ့သည်။

အိမ်အတွင်း ခုတင်ပေါ်၌ ခြင်ဆေးခွေထွန်းထားခဲ့ရာမှ မွေ့ရာပေါ်သို့ကျပြီး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် မီးသတ်စခန်းမှ စခန်းမှူး ဦးသန်းထက်အောင်က "ပြည်သူတစ်ဦးရဲ့ ဖုန်းနဲ့ ဆက်သွယ်သတင်းပေးမှုကြောင့် ညနေ ၃ နာရီ ၃၅ မိနစ်မှာ သတင်းရပါတယ်။ ၃ နာရီ ၃၉ မိနစ်မှာ မီးထိန်းနိုင်ခဲ့ပြီး ၃ နာရီ မိနစ်၄၀မှာ လုံးဝမီးငြိမ်းသွားခဲ့ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ယာဉ်ငါးစီးလာရောက်ပြီး မီးသတ်အင်အား ၄၃ ဦးဖြင့် မီးငြိမ်းသတ်ခဲ့သည်။ အခင်းဖြစ်ပွားမှုသတင်းရလျှင်ရချင်း ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးတို့ သွားရောက်ပြီး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ဇင်ကိုကိုထက်

မီး ဘေးရှောင်
မလောင်ခင်တား

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အင်တာနက် (3G Networks) ရပြီ

တပ်ကုန်း ဖေဖော်ဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ 3G Networks တပ်ဆင်ပေး၍ ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

ယခင်က တပ်ကုန်းမြို့နယ်တွင် 2.75G Networks သာ အသုံးပြုခွင့်ရခဲ့ပြီး ယခုအခါတွင် 3G Networks သုံးခွင့်ရသဖြင့် အင်တာနက်လိုင်းများသုံးစွဲရာတွင် အဆင်ပြေပြီး Download ဆွဲရာတွင် မြန်ဆန်သဖြင့် ပြည်သူများ ဝမ်းမြောက်လျက်ရှိသည်။

တိုးချဲ့တပ်ဆင်

မြန်မာ့ဆက်သွယ်ရေးမှ GSM တိုင်များကို တောင်ပို့သာကျေးရွာ၊ အောင်မြေရိပ်သာကျေးရွာ၊ ညောင်လွန့်ကျေးရွာနှင့် MRTV တို့တွင် တိုင်လေးတိုင် တိုးချဲ့တပ်ဆင်ခဲ့၍ ကျေးလက်နေပြည်သူများနှင့် ဝေးလံဒေသများ၌ တယ်လီဖုန်းပြောဆိုရာတွင်လည်း အဆင်ပြေပြီး ဆက်သွယ်မှုဧရိယာပြင်ပမှ ကင်းလွတ်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

(ဝ၂၁)

PDF Compressor Pro

ပြည်တွင်းသတင်း

AFC Challenge Cup လက်ရွေးစင်အသင်း ကစားသမား ၂၅ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၁၃ ခုနှစ် မတ်လ ၂ ရက်မှ ၆ ရက်အထိ သုဝဏ္ဏကွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2013 AFC Challenge Cup ခြေစစ်ပွဲစဉ်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၅ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် စတင်စုစည်းပြီး ညနေ ၄ နာရီမှ စတင်ကာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

2013 AFC Challenge Cup ခြေစစ်ပွဲစဉ်အတွက် ဖွဲ့စည်းခဲ့သည့် ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် ပြီးခဲ့သည့် ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းပွဲအတွက် ဖွဲ့စည်းခဲ့စဉ်က ပါဝင်ခဲ့သည့် ဉာဏလွင်၊ နန္ဒကျော်၊ နန္ဒလင်းကျော်ချစ်၊ အောင်မိုး၊ စည်သူအောင်၊ မောင်မောင်စိုးနှင့် ထူးထူးအောင်တို့ ပြန်လည်ပါဝင်လာခဲ့ခြင်း မရှိသည်ကို တွေ့ရှိရသည်။ အဆိုပါကစားသမားများ၏ နေရာတွင် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် နိုင်လင်းဦး၊ ကြည်လင်း၊ ဒေးဗစ်ထန်း၊ ခင်မောင်လွင်တို့နှင့်အတူ ပိုင်စိုး၊ မျိုးဇော်ဦးတို့လည်း ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

မြန်မာ့လက်ရွေးစင် ၂၅ဦး စာရင်း မှာဂိုး-သီဟစည်သူ (ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(ဆောက်သမ်း)၊ နောက်တန်း-ရန်အောင်ဝင်း၊ ရဲဇော်ထက်အောင်၊ ဇော်မင်းထွန်း၊ သက်နိုင်(ရတနာပုံ)၊ အောင်ဟိန်းကျော် (ဇေယျာရွှေမြေ)၊ ဇော်ဇော်ဦး (ဧရာဝတီ)၊ ပြည့်ဖြိုးအောင် (ရန်ကုန်ယူနိုက်တက်)၊ သိန်းသန်းဝင်း (KBZ)၊ အလယ်တန်း-ဖြိုးကိုကိုသိန်း၊ ညီညီမင်း၊ နိုင်လင်းဦး (ဧရာဝတီ)၊ ရန်အောင်ကျော်၊ ရာဇာဝင်းသိန်း၊ ကြည်လင်း၊ ဒေးဗစ်ထန်း၊ ခင်မောင်လွင်(ရန်ကုန်ယူနိုက်တက်)၊ ပိုင်စိုး(ရတနာပုံ)၊ မျိုးဇော်ဦး (မကွေး)၊ ရှေ့တန်း-ကျော်ကိုကို (ရန်ကုန်)၊ ကောင်းစည်သူ(ရတနာပုံ)၊ ကျော်ဇေယျာဝင်း၊ စိုးမင်းဦး (KBZ) တို့ဖြစ်ကြသည်။

တာဝန်ယူ

အုပ်ချုပ်မှုအဖွဲ့တွင် အသင်းမန်နေဂျာအဖြစ် ဦးတင်မြင့်အောင်၊ နည်းပြချုပ်အဖြစ် ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်ဝင်းထွန်း၊ ကြွခိုင်ရေးနည်းပြအဖြစ် ဟာဟော့ဂျွန်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က တာဝန်ယူမည် ဖြစ်ပြီး စကားပြန်အဖြစ် ဦးအောင်သူရက တာဝန်ယူမည်ဖြစ်သည်။

(အိုကိုချာ)

ပဲခူးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၁ ရက်တွင် လက်ပံတန်းမြို့နယ် တာဆုံးအုပ်စု ရှမ်းတောရွာ ဦးသက်နိုင်၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ကျွန်းခွဲသား ၀ ဒသမ ၀၄၈၈ တန်၊ ပျဉ်းကတိုးသစ် ၂ ဒသမ ၇၇၂၆ တန်၊ အခြားသား ၁ ဒသမ ၆၀၆၈ တန်၊ လက်ဆွဲလွှနှစ်ချောင်း၊ ဂျင်ပုတစ်ခု၊ ဖယ်တစ်ခု၊ ချိန်သီးတစ်ခု၊ သံကြိုးတစ်ချောင်းနှင့် အတူ ဦးသက်နိုင်(ဘ) ဦးအေးလှိုင် ရှမ်းတောရွာ လက်ပံတန်းမြို့အား ဖမ်းဆီးရမိပြီး လက်ပံတန်းရဲစခန်း၌ သစ်တောဥပဒေပုဒ်မ ၄၁(က)၊ ၄၂(ခ)၊ ၄၃(က)တို့အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သစ်တောဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ တရားမဝင်သစ်ဖမ်းဆီးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အင်းတော်မြို့နယ် တပ်လွင်ကြိုးဝိုင်း အကွက်အမှတ်(၄၉၊၅၆) တို့အတွင်း နေရာသုံးခုမှ တရားမဝင် ကျွန်းသစ် ၁၄ ဒသမ ၅၄၂ တန်၊ အင်ကြင်းသစ် ၁ ဒသမ ၂၄၆ တန်၊ အခြားသား ၂ ဒသမ ၉၂၀၄ တန်ကို ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ သစ်တောဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မံကော်ကြိုးဝိုင်း အကွက်အမှတ်(၇၉) အတွင်း၌ တရားမဝင် ကျွန်းခွဲသား ၂၀၁ ချောင်း (၂ ဒသမ ၁၁၉၆) တန်၊ သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ဝိုင်း၊ ဆက်စပ်ပစ္စည်းနှစ်မျိုးနှင့်အတူ ဦးတင်လှိုင်(ခ) ဦးငွေးလှိုင် မန်ကျည်းကုန်းရွာအား လည်းကောင်း ဖမ်းဆီးရမိပြီး သစ်တောဥပဒေပုဒ်မ ၄၂(ဂ)၊ ၄၃(က)တို့အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။ ထီးချိုင့်မြို့နယ်ပြင်တဲ အပတောနှင့် ဟသ်ာကြိုးဝိုင်း အကွက်အမှတ်(၄၉) အတွင်းရှိ နေရာသုံးခုမှ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၆၄ တန်၊ အင်သစ်/တိုင် ၄ ဒသမ ၁၈၈ တန်၊ ကလေးဝမြို့နယ် ပလ္လင်ကြိုးဝိုင်းနှင့် ရွှေကျင်ကြိုးဝိုင်းတို့အတွင်း နေရာခြောက်ခုမှ တရားမဝင် သစ်မာခွဲသား ၂၃ ဒသမ ၈၀၇၄ တန်၊ ကနီမြို့နယ် ကျောက်တန်းရွာ အထက်ဘက် သင်္ဂတုံချောင်းဘေးမှ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၇၄၀ တန်၊ အင်သစ် ၂ ဒသမ ၀၆၂ တန်၊ ပုလဲမြို့နယ် ဆင်းဒုန်းကြိုးဝိုင်း အကွက်အမှတ်(၁၅၊ ၁၆)အတွင်း နေရာနှစ်ခုမှ တရားမဝင်ကျွန်း ၁ ဒသမ ၃၃၉ တန်၊ သစ်မာ ၁ ဒသမ ၁၄၁ တန်၊ အခြားသား ၀ ဒသမ ၆၅၃ တန်၊ တန့်ဆည်မြို့နယ် ရွာမုံတောင် ကြိုးပြင်ကာကွယ်တောနှင့် ပကာကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာတို့မှ တရားမဝင် အင်ခွဲသား ၁၁ ဒသမ ၂၂၅၆ တန်၊ သစ်မာခွဲသား ၀ ဒသမ ၉၉၇ တန်၊ ပင်လည်ဘူးမြို့နယ် မံကော်(၃) အဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း နေရာသုံးခုမှ တရားမဝင်ကျွန်း ၂ ဒသမ ၇၄၄ တန်၊ ကညင်သစ် ၂၄ ဒသမ ၄၁၂ တန်၊ မင်းကင်းမြို့နယ် သဖန်းတုံးကာကွယ်တော၊ မောက္ကတော်အဆိုပြုကာကွယ်တော၊ စရိုကာကွယ်တော၊ အင်တိုင်းကုန်းကြိုးဝိုင်းတို့အတွင်း နေရာငါးခုမှ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၇၀၆၆ တန်၊ သစ်မာခွဲသား ၁၄ ဒသမ ၅၈၂၄ တန်၊ အခြားသား ခွဲသား ၁၃ ဒသမ ၂၁၁၆ တန်တို့ကို ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ ကန့်ဘလူမြို့နယ် ဇင်းဘိနယ် စပါယ်နံ့သာ ကြိုးဝိုင်း အကွက်အမှတ် (၅၃) အတွင်းမှ တရားမဝင် ကျွန်းမျော ၃၅ လုံးနှင့်အတူ ဦးဂျိုးဇက်(ဘ)ဦးထွေးမောင်အား လည်းကောင်း ဖမ်းဆီးရမိပြီး သစ်တော ဥပဒေပုဒ်မ ၄၃(က)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရပ်ကွက်အခြေပြု ရှေးဦးသူနာပြုသင်တန်းဖွင့်

တာမွေ ဖေဖော်ဝါရီ ၁၈

တာမွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တာမွေမြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်း ဖွင့်လှစ်သော ရပ်ကွက်အခြေပြု ရှေးဦးသူနာပြုစုခြင်း သင်တန်း ၁/၂၀၁၃ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တာမွေသားဖွားခန်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး ဒုတိယတန်း ဦးကျော်ဇော **(ဝဲပုံ)**က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မိမိတင်က အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရပ်ကွက်များမှ သင်တန်းသူ ၅၀ တက်ရောက်ကြသည်။ **အုန်းကျော်(တာမွေ)**

ပုဂ္ဂလိကဘဏ်များ ငွေသွင်း ငွေထုတ်ပြုရာ၌ နိုင်ငံသားစိစစ်ရေးကတ်များသာ အသုံးပြုသင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပုဂ္ဂလိကဘဏ်များတွင် ငွေထုတ်ငွေသွင်းပြုလုပ်ရာတွင် တရားဝင်အမျိုးသားမှတ်ပုံတင်ကတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ် တစ်ပါတည်းပါလာရမည်ဟု စည်းကမ်းချက်ထုတ်ပြန်ထားသော်လည်း အချို့သောဘဏ်များတွင် ယာဉ်မောင်းလိုင်စင်၊ ကုန်စည်ဒိုင်ကတ်များကို အစားထိုးတင်ပြလျှင် ခွင့်ပြုနေကြောင်း၊ မှတ်ပုံတင်အစားထိုး NGO အဖွဲ့အစည်းဆိုင်ရာ သက်သေခံကတ်များဖြင့် ငွေထုတ်ယူရာတွင် ပုဂ္ဂလိကဘဏ် တစ်ဘဏ်နှင့် တစ်ဘဏ် ခွင့်ပြုမှုမတူကြောင်း၊ သို့ဖြစ်ရာ ပုဂ္ဂလိကဘဏ်များနှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် နိုင်ငံတော်မှ သတ်မှတ်ထားသည့်အတိုင်း မှတ်ပုံတင်၊ နိုင်ငံသားကတ် တစ်မျိုးတည်းကိုသာ ခွင့်ပြုခြင်းဖြစ်သင့်ကြောင်း၊ ပုဂ္ဂလိကဘဏ်သို့ နယ်မှလွှဲငွေသွားထုတ်သူများက ဆိုသည်။

ပုဂ္ဂလိကဘဏ်အချို့တွင် ဘဏ်သို့ လာရောက်သူများအား အဝင်ဝမှ ဝန်ထမ်းများ ဘေးနှစ်ဖက်မှ စီတန်းပြီး နှုတ်ခွန်းဆက် အပြုံးစကားဖြင့် ကြိုဆိုသောဝန်ဆောင်မှုဖြင့် ပြုလုပ်ပေးသကဲ့သို့ လာရောက်သူများအပေါ် ငွေထုတ်ရာတွင်လည်း သက်ဆိုင်ရာမှ သတ်မှတ်ထားသည့်အတိုင်း နိုင်ငံသားစိစစ်ရေးကတ်၊ အမျိုးသားမှတ်ပုံတင်ကတ်များဖြင့်သာ ငွေထုတ်ပေးသင့်ကြောင်း၊ NGO အဖွဲ့အစည်းကတ်များဖြင့် ငွေထုတ်ခွင့်ပြုလျှင်လည်း နိုင်ငံတော်မှ တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့ကတ်များကိုပါ ခွင့်ပြုသင့်ကြောင်း၊ သို့မှသာ ပုဂ္ဂလိကဘဏ်များအပေါ် အများပြည်သူအနေဖြင့် ပိုမိုယုံကြည်စိတ်ချမှုရှိလာနိုင်ကြောင်း၊ ပုဂ္ဂလိကဘဏ်များအပေါ် သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်ပြေးညီ ကျင့်သုံးမှုရှိ မရှိကို သက်ဆိုင်ရာမှစောင့်ကြည့်စစ်ဆေးသင့်ကြောင်း ဆိုသည်။

(ခင်ဆိုင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၁၉၀၆ ဟွန်ဒါ CRV ယာဉ်လက်ဝယ်ရှိသူ ဦးစံမင်း ၆/မအရ(နိုင်) ၀၄၁၆၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(အနောက်ပိုင်း၊ ခရိုင်ရုံး)**

နိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၃ခုနှစ် ဇန်နဝါရီလအတွင်းမီးလောင်မှုဖြစ်ပွားသည့်အခြေအနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၁၆၇ ကြိမ် ဖြစ်ပွားခဲ့ပြီး တန်ဖိုးငွေကျပ် ၄၅၂ ဒသမ ၄၉ သန်းခန့် ဆုံးရှုံးခဲ့သည်။ ဖြစ်ပွားခဲ့သော မီးလောင်မှု ၁၆၇ ကြိမ်တွင် မီးဖိုမီး၊ ပေါ့ဆမီး ၁၂၀၊ လျှပ်စစ်မီး ၂၆ ကြိမ်၊ မသမာသူ ရှို့မီး ၁၇ ကြိမ်နှင့် အလိုအလျောက်မီး လေးကြိမ် ပါဝင်ခဲ့သည်။

ဇန်နဝါရီလအတွင်းဖြစ်ပွားခဲ့သော မီးလောင်မှုများတွင် မီးဖိုမီး အပါအဝင် ပေါ့ဆမီး အကြိမ် ၁၂၀ ပါဝင်သဖြင့် မီးကိုမဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၇၂ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးသိန်းထွန်း)-ဒေါ်ကျင်ရွှေ၊
ဦးမြအောင်-ဒေါ်အုန်းရှင်တို့၏မြေး၊
ပြည်ထောင်စုရပ်ကွက်၊ မင်းလမ်းနေ(ဦးကျော်ညွန့်)-ဒေါ်လှဲလှဲဝင်းတို့၏သားကြီး

မောင်မျိုးကိုကိုကျော် B.A (Eco)
A.G.T.I (Electrical Power),
S. TOPIK (Korean Language. Level 4)
(NEW VISION- Korean Language Center)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ (၃)ရပ်ကွက်၊ ဗန္ဓုလလမ်းနေ
(ဦးအောင်သန်း)-ဒေါ်စိမ်းတို့၏မြေး၊
(ဦးမောင်မောင်မြ)-ဒေါ်ခင်မြသန်း တို့၏သမီးထွေး

မခိုင်မေလှ B.A (English)
A.G.T.I (Machine Tools & Design)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၂-၂-၂၀၁၃ရက်တွင် အဖျောက်မြို့၌ လက်ထပ်ထိမ်းမြားပြီးစီးပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးကိုကိုကျော်-မခိုင်မေလှ

ချစ်ဇနီးဘုတ်ဘုတ်အတွက်မင်္ဂလာဆုတောင်း

ရက်၊ လ၊ နှစ်တွေပြောင်းခဲ့ပေမယ့် ချစ်ဇနီးအပေါ်မှာ မပြောင်းလဲဖူးတဲ့ ချစ်ခြင်းများစွာနဲ့အတူ ၁၉-၂-၂၀၁၃ ရက်မှာ ကျရောက်တဲ့ (၁၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်သက်ဆုံးတိုင်အောင် ဇနီးကောင်း၊ မိခင်ကောင်းတစ်ယောက်အဖြစ် ကျန်းမာပျော်ရွှင်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်-

ချစ်ခင်ပွန်း မင်းညီညီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆(ရွှေပေါက်ကံ)၊ မြေကွက်အမှတ် ၄၇၁ ၊ အလျား×အနံ ပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၊ စတုရန်းပေ(၂၄၀၀)၊ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၄၇၁)၊ မဟော်သဓာလမ်း၊ (၁၆)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောနှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်တည်ရှိသူ ဒေါ်ဝင်းမာထွေး ၁၂/ဒဂန(နိုင်)၀၀၁၀၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အထက်ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
စင်ထရယ်ဦးခင်မောင်မြင့် LL.B, Diploma in Business Law, Advocate
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၂)
ရုံးအမှတ်(၉/၁၁)၊ အခန်း ၂၀၁ (C၊ ၃၆ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၀၄၀၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဌေးဝင်း ၆/လလန(နိုင်)၁၀၃၃၉၀သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖခင် ဦးစိန်လင်း၊ မိခင် ဒေါ်ရင်ကြွယ်(ထားဝယ်)

PDF Compressor Pro

အီတလီမြေမှာ အေစီမီလန်ကိုဖြတ်ကျော်မယ့်ဘာစီလိုနာ

ကမ္ဘာ့ဘောလုံးပရိသတ်တွေ မျှော်လင့်စောင့်စားနေတဲ့ ချန်ပီယံလိဂ် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၀ ရက်နဲ့ ၂၁ ရက်တွေမှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အဲဒီနေ့တွေမှာကစားကြမယ့် အေစီမီလန်နဲ့ ဘာစီလိုနာ၊ ဂါလာတာစာရေးနဲ့ ရှော်လ်ကေးတို့ပွဲစဉ်တွေက ပရိသတ်ကိုမမျှော်လင့်တဲ့ ရလဒ်တွေနဲ့အတူ ရသမျိုးစုံပေးစွမ်းကြဦးမှာပါ။ အစဉ်အလာကြီးမားကြတဲ့ အသင်းတွေဖြစ်တာမို့ လက်မလွတ်တမ်း စောင့်ကြည့်အားပေးနိုင်ဖို့အတွက် ပရိသတ်တွေလည်း တာစူနေကြပြီဖြစ်ပါတယ်။

အေစီမီလန်နှင့် ဘာစီလိုနာ

အိမ်ရှင်အေစီမီလန်တို့ သောကများရမယ့်ပွဲပါပဲ။ လက်ရှိခြေစွမ်းအရ အေစီမီလန်က ရလဒ်ဆိုးရွားနေပြီး အုပ်စုနောက်ဆုံးသုံးပွဲမှာ နိုင်ပွဲတစ်ပွဲမှ မရထားပါဘူး။ သရေပွဲတွေနဲ့ရှုံးကန်လာတဲ့ အေစီမီလန်ဟာ ဘာစီလိုနာအနေနဲ့ နောက်ဆုံးခြောက်ကြိမ်ဆုံတွေ့ခဲ့တဲ့ပွဲစဉ်တွေမှာလည်း တစ်ပွဲမှ နိုင်ပွဲမရခဲ့တာမို့ ဒီပွဲမှာတော့အိမ်ကွင်းမှာကစားရမှာ ဖြစ်ပေမယ့် အေစီမီလန်တို့ မျှော်လင့်ချက်ကြီးကြီးမားမားထားလို့တော့မရနိုင်ပါဘူး။ ဒါပေမယ့် အေစီမီလန်ဟာ ထိပ်တန်းအသင်းတွေနဲ့ဆုံတိုင်း ခြေစွမ်းပြကစားနိုင်ပြီး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုတွေ ပြုလုပ်နိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဘာစီလိုနာတို့ကတော့ နောက်ဆုံးသုံးပွဲကစားတဲ့ပွဲတွေမှာ နှစ်ပွဲနိုင်တစ်ပွဲရှုံးခဲ့ပြီး အေစီမီလန်နဲ့ ဆုံတိုင်း အသာစီးရအောင် ကစားနိုင်ခဲ့ပါတယ်။

ဘာစီလိုနာဟာ အကောင်းဆုံးတိုက်စစ်နဲ့ ကွင်းလယ်အားကို ပိုင်ဆိုင်ထားသလို ခံစစ်ကြောင်းခိုင်ခံ့မှုကလည်း အားသာမှုရှိနေတာတော့ အမှန်ပါပဲ။ ဘာစီလိုနာဟာ အေစီမီလန်နဲ့ (၁၅)ကြိမ် ဆုံခဲ့တဲ့မှတ်တမ်းကို ကြည့်ရင် ခြောက်ပွဲနိုင်ပြီး အေစီမီလန်တို့က လေးပွဲနိုင်ကာ သရေပွဲငါးပွဲဖြစ်ထားပါတယ်။ ဘာစီလိုနာရဲ့ အားသာချက်က အိမ်ကွင်း၊ အဝေးကွင်း ပုံမှန်ခြေစွမ်းပြနိုင်တာဖြစ်ပြီး အင်အားတောင့်တင်းကာ ခြေစွမ်းထက်တဲ့ အရန်ကစားသမားကောင်းတွေ ရှိနေခြင်းတို့ဖြစ်ပါတယ်။ သေချာတာကတော့ ဘာစီလိုနာဟာ မက်ဆီ၊ အင်နီယေစတာတို့ ဦးဆောင်တဲ့ တိုက်စစ်မှူးတွေနဲ့အတူ ဒီပွဲကို တိုက်ပွဲဝင်ဖို့အတွက် ချီတက်လာမှာဆိုတာပါပဲ။ အေစီမီလန်တို့ကလည်း ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ ဘာစီလိုနာကို အနိုင်ကစားခဲ့တဲ့ ဆဲလ်တစ်ရဲ့ ကစားပုံကို လေ့လာထားတယ်လို့ ဆိုတာမို့ နာမည်ကြီးဘာစီလိုနာကို အထင်ကြီးစရာ အားပေးရမှာဖြစ်ပေမယ့် အေစီမီလန်ရဲ့ အိမ်ကွင်းခုခံမှုအားကိုလည်း အလေးထားရမှာဖြစ်ပါတယ်။

ဂါလာတာစာရေးနှင့် ရှော်လ်ကေး

ချန်ပီယံလိဂ်အုပ်စုပွဲမှာ မန်ယူကို အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့တဲ့ ဂါလာတာစာရေးရဲ့ ခြေစွမ်းက လေးစားစရာကောင်းပါတယ်။ အသင်းလိုက် စုစည်းမှုနဲ့ ကစားအားကောင်းတဲ့ ရှော်လ်ကေးဟာ ဂါလာတာစာရေးရဲ့ ကွင်းမှာ ဘယ်လိုပုံစံနဲ့ ခင်းကျင်းရင်ဆိုင်မယ်ဆိုတာက စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။ ရှော်လ်ကေးဟာ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေမှာ အာဆင်နယ်နဲ့ အိုလံပီယာကော့စ်တို့လို အသင်းတွေကို သူတို့ကွင်းသူတို့ပရိသတ်တွေရှေ့မှာ ချေမှုန်းအနိုင်ယူခဲ့တာမို့ အခုပွဲမှာ အိမ်ရှင်ဂါလာတာစာရေးတို့လည်း သတိကြီးကြီးထားရမှာပါ။ ဂါလာတာစာရေးမှာ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒရော့ဘာပါဝင်ကစားမှာမို့ တိုက်စစ်အားတောင့်တင်းသွားမှာတော့ အမှန်ပါပဲ။ ဒါပေမယ့် ဂါလာတာစာရေးဟာပြီးခဲ့တဲ့ဆယ်နှစ်ကျော်ကာလတွေမှာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်လာနိုင်တဲ့ အစဉ်အလာမရှိပါဘူး။ ရှော်လ်ကေးတို့ကတော့ တူရကီကလပ်တွေနဲ့အဝေးကွင်းမှာ ကစားရတိုင်း သရေရလဒ်ကို ယူနိုင်ခဲ့တဲ့ အစဉ်အလာရှိပြီး ရလဒ်မဆိုးရွားအောင် ကစားနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ပြိုင်ဘက်တွေ စိတ်ဓာတ်ပျက်ပြားအောင် အားပေးတတ်တဲ့ တူရကီပရိသတ်ရဲ့အားပေးမှုကြောင့် ရှော်လ်ကေးတို့ အများအယွင်းတွေ ဖြစ်နိုင်ပေမယ့် ဒီပွဲဟာ နှစ်သင်းစလုံးအတွက် ညီမျှခြင်းကျသွားနိုင်ပါတယ်။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

နိုင်ငံတကာအားကစားသတင်း

၁၅ နှစ်အရွယ် ဂေါက်သီးမယ် လိုင်ဒီယာကို

အသက် ၁၅ နှစ်အရွယ် ဂေါက်သီးအားကစားမယ် လိုင်ဒီယာကို **(အောက်ပုံ)** သည် သြစတြေးလျအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယဆု ဆွတ်ခူးခဲ့သည်။ ယင်းပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးအားကစားမယ် ဂျီရိုင်ရှင်းက ဖလားဆွတ်ခူးခဲ့သည်။

နယူးဇီလန်ဂေါက်သီးအားကစားမယ် လိုင်ဒီယာကိုသည် အဖွင့်ပွဲစဉ်၌ ၆၃ ချက်သာရိုက်ခဲ့ပြီး နောက်ဆုံးနေ့တွင် ဂျီရိုင်ရှင်းနှင့်အတူ အပြိုင်ရိုက်ခဲ့သည်။ ဂျီရိုင်ရှင်းသည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးခဲ့သည်။ ကမ္ဘာ့နံပါတ်တစ် ယန်နီတီဆန်းက နောက်ဆုံးနေ့တွင် ခုနစ်ချက်လျှော့ရိုက်နိုင်ခဲ့သဖြင့် ဒုတိယဆုရခဲ့သည်။ နယူးဇီလန်ဂေါက်သီး အားကစားမယ် လိုင်ဒီယာကိုက တတိယဆုဆွတ်ခူးခဲ့သည်။ သူမသည် မကြာသေးမီက နယူးဇီလန်အမျိုးသမီးအိုးပင်းတွင်လည်း ဖလားဆွတ်ခူးခဲ့သည်။

မန်စီးတီး အက်ဖ်အေကွာတားတက်

မန်စီးတီးနှင့်လိဒ် ယူနိုက်တက်အသင်းတို့ အက်ဖ်အေဖလားပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးက လေးဂိုးပြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ပရီမီယာလိဂ်အသင်းအနေဖြင့် အက်ဖ်အေဖလားကွာတားသို့ ပထမဆုံးတက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။ မန်စီးတီးအသင်းသည် လွန်ခဲ့သော သီတင်းပတ်က ရှုံးပွဲများကြုံခဲ့ရသော်လည်း ယခုသီတင်းပတ်တွင် လိဒ်ယူနိုက်တက်အသင်းကို ဂိုးပြတ်သွင်းယူခဲ့သည်။ မန်စီးတီးအတွက် တိုရေးနှင့် တီဗက်ဇ်တို့က တစ်ဂိုးစီသွင်းပြီး အဂူရိုက နှစ်ဂိုးသွင်းယူခဲ့သည်။

ချယ်လ်ဆီးတို့ ဘရက်ဖို့ဒ်ကို ဂိုးပြတ်သွင်း

အက်ဖ်အေဖလား လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားပြန်ကန်ပွဲတွင် ဘရက်ဖို့ဒ်အသင်းကို လေးဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ ယင်းပွဲ အနိုင်ရလိုက်သဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် မစ်ဒယ်ဘရော့နှင့် ပဉ္စမအကျော့ကစားရမည်ဖြစ်သည်။ ချယ်လ်ဆီးအတွက် ဂိုးများကို မာတာ၊ အော်စကာ၊ လမ်းပတ်နှင့် တယ်ရီတို့က သွင်းယူပေးခဲ့သည်။

မြင့်မောင်စိုး - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ရီးရဲမက်ဒရစ်အသင်းသည် စပါးအသင်းမှ တောင်ပံကစားသမား ဂါရက်ဘေးအား ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းလိုက်သည်။
- အန်ဒါလက်ချ်အသင်းမှ တိုက်စစ်မှူး အသက် ၂၇ နှစ်အရွယ်ရှိ ဘီဂလီရာအား လီဗာပူးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်မည်ဖြစ်သည်။
- ဆမ်ဒိုးရီးရားကွင်းလယ်ကစားသမား အသက် ၂၀ အရွယ်ရှိ ပီဒရိုအိုဘင်းအား မန်စီးတီးကလာမည့်နွေရာသီတွင် ခေါ်ယူရန် စောင့်ကြည့်လေ့လာလျက်ရှိသည်။
- ဟမ်းဘတ်အသင်းမှ တိုက်စစ်မှူး အသက် ၂၀ အရွယ်ရှိ ဆန်ဟန်မင်းအား မန်ယူနှင့်မန်စီးတီးတို့ကခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။
- အာဆင်နယ်၊ စတုတ်၊ လီဗာပူး၊ အဲဗာတန်တို့သည် ရုရှားကလပ်အင်ဇိုင်းမှ နောက်ခံလူအမ်ဗိုရီသီတာအား အပြိုင်ခေါ်ယူလျက်ရှိသည်။
- လီဗာပူးအသင်းသည် ဝီဂန်ဂိုးသမား အသက် ၃၀ နှစ်အရွယ်ရှိ အလီအယ်ဟာဘီဆီအား ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- အင်တာမီလန်အသင်းသည် အသက် ၃၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး နစ္စတယ်ရွိုင်းအားခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ချယ်လ်ဆီးနည်းပြဘင်နီတက်ဇ်နှင့် အသင်းခေါင်းဆောင် ဂျွန်တယ်ရီတို့သည် ဖေဖော်ဝါရီ ၂ ရက်က နယူးကာဆယ်နှင့်ကစားပြီးနောက် အဝတ်လဲခန်းအတွင်း စကားများခဲ့ကြကြောင်း သတင်းထွက်ပေါ်လာသည်။
- မန်စီးတီးအသင်း ဂိုးသမားဂျွန်ဟက်က အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ပြည်ထောင်စုဖွားသေွးချင်းများ တားဆီးကာကွယ် မီး ရန်စွယ်

အသိပေးကြေညာခြင်း

၂၀-၂-၂၀၁၃ရက်တွင် ကျရောက်မည့်(၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို မြန်မာကွန်ဗင်းရှင်းဗဟိုဌာန(MICC)နေပြည်တော်၌ ပြောင်းလဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

ကျင်းပမည့်ရက်	-	၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန်	-	ညနေ ၆နာရီမှ ည ၁၀နာရီအထိ
ကျင်းပမည့်နေရာ	-	(MICC)နေပြည်တော် (Banguet Hall)
ဖျော်ဖြေရေးအစီအစဉ်	-	ချင်းရိုးရာအကများ၊ Straight Line တေးဂီတ
ဧည့်ခံရေးအစီအစဉ်	-	ချင်းရိုးရာအစားအစာ
ဆက်သွယ်ရန် ဖုန်း	-	၀၉-၄၉၃၁၉၉၀၄၊၀၉-၄၄၈၅၃၅၀၉၀၊ ၀၉-၄၄၈၅၄၈၇၈၅၊၀၉-၄၉၂၈၉၆၅၂၊ ၀၉-၄၉၂၂၀၁၈၄

ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာ ပင်လမ်း၊ မြေကွက်အမှတ် ၈၂၄ မြေကွက်မှာ ဒေါ်ခင်နှင်းမာ(ဘ)ဦးသောင်းရွှေ ၉/လဝန(နိုင်)၁၇၇၂၈၀အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်နှင်းမာက အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ဆွေ ၉/လဝန(နိုင်)၁၀၈၉၅၄
အမှတ် ၁၁၇၅၊ စစ်တောင်းလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့ ဖုန်း-၀၉-၄၃၁၂၄၇၃၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/CG)၊ လူနေရပ်ကွက်အမှတ်(ဆရာစံ/တောင်)၊ မြေကွက်အမှတ်(၁၄၇၄)၊ အကျယ်အဝန်း (ပေ၂၀×ပေ၄၀)၊ ၈၀၀စတုရန်းပေရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၇၊ ဦးချစ်မောင်လမ်း၊ ဆရာစံ(တောင်/စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို မြို့မြေစာရင်းတွင် အမည်ပေါက်တည်ရှိပြီး လက်ရှိနေထိုင် စီမံရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိန်းသိန်း ၇/တငန(နိုင်)၀၅၅၃၀၉ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း) ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	**ဒေါ်အိမ့်ဖြူနိုင် LL.B,DBL,DML**
(စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ	**(စဉ်-၂၉၇၄၆) အထက်တန်းရှေ့နေ**

အာရှမြေ အိမ်၊ခြံ၊မြေအကျိုးဆောင်ကုမ္ပဏီ အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/H)၊ လူနေရပ်ကွက် အမှတ်(ဗိုလ်စိန်မှန်)၊မြေကွက်အမှတ်(၃၂၈)၊ အကျယ်အဝန်း(ပေ၂၀×ပေ၄၀)၊ ၈၀၀ စတုရန်းပေရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၆၉၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးသည် မြို့မြေစာရင်းတွင် ဦးမြင့်လွင် အမည်ဖြင့်တည်ရှိပြီး ၎င်းကွယ်လွန်သဖြင့် လက်ရှိပိုင်ဆိုင်နေထိုင် ရောင်းချပိုင်ခွင့်ရှိသူ တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်မြသိန်း ၁၂/ဗဟန(နိုင်)၀၄၆၀၈၀ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း) ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	**ဒေါ်အိမ့်ဖြူနိုင် LL.B,DBL,DML**
(စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ	**(စဉ်-၂၉၇၄၆) အထက်တန်းရှေ့နေ**

အာရှမြေ အိမ်၊ခြံ၊မြေအကျိုးဆောင်ကုမ္ပဏီ အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ –

[illegible]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၁၀ရပ်ကွက်၊ သံလွင်လမ်း(လမ်းသွယ်)၊ အမှတ် (၁၂၇/ဘီ-၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃၆-ဒီ)၊ မြေကွက်အမှတ် (၂၆အေ/၄-၂က)၊ ဧရိယာ၀ဒသမ၀၉၄ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်သန်းသန်းစိန်(ခ)ဒေါ်ညောင်းအမည်ပေါက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက်သူနှင့် ၇-၃-၂၀၁၁ရက်စွဲပါ အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားသူ ဦးမင်းအုပ်စိုး ၁၄/ဘကလ(နိုင်)၀၀၄၃၅၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၅ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာဝင်း(စဉ်-၆၄၆၁)	**ဒေါ်ရွှေဇင်မင်း(စဉ်-၂၇၃၃၉)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၈၂၅၊ ၀၉-၄၂၀၀၈၀၃၃၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အနိုင်အရှုံးမပေါ်ခဲ့သည့် မြန်မာပြည်လက်ဝှေ့ချန်ပီယံလုပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ပရိသတ်များက အပြည့်အလျှံ ဖြစ်နေသည်။ မြန်မာပြည်၏ လက်ဝှေ့ချန်ပီယံမည်သူဖြစ်မလဲ စိတ်စောနေကြသည်။ ရွှေခါးပတ်ချန်ပီယံ လေးထပ်ကွမ်း ဒဂုံရွှေအောင်လံ ဆုရှင် စောငမန်းနှင့်ရွှေခါးပတ်ချန်ပီယံ ၂၀၁၃ ခုနှစ် ဒဂုံရွှေအောင်လံဆုရှင် (ပထမတန်း) တွေ့မရှောင်တို့ ဖေဖော်ဝါရီ ၁၇ ရက်တွင် ထိုးသတ်ကြရာ သိမ်ဖြူအားကစားခန်းမ၌ ပရိသတ်များ ပြည့်နေခြင်းဖြစ်သည်။

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြုလုပ်သည့်ပွဲဖြစ်သည်။ စောငမန်း(ရွှေဖူး)က အနီထောင့်မှ ပွဲထွက်လာသကဲ့သို့ တွေ့မရှောင်(နဂါးမာန်)က အပြာထောင့်မှ ထွက်လာသည်။ ပွဲစသည်နှင့် အလုံးအထည်ကောင်းသော စောငမန်းက အင်နှင့်အားဖြင့် ဖိထိုးသည်။ တွေ့မရှောင်က ဘယ်ညာလက်များဖြင့် ကာပြီး ဟာကွက်ကို စောင့်ကာ အပိုင်ထိုးရာ ပထမအချီတွင် နှစ်ဦးစလုံးအပြန်အလှန်ထိုးသတ်နိုင်ခဲ့သည်။

ဒုတိယအချီတွင် တွေ့မရှောင်က ခြေကန်ချက်များသုံးပြီး အောက်ပိုင်းကို ဖြိုရန် ကြိုးစားသော်လည်း စောငမန်း၏ ဘယ်ဖြတ်လက်သီး၊ ဘယ်ထောက်လက်သီးများက တွေ့မရှောင်၏ မျက်နှာပေါ်ထိချက်ပြင်းပြင်းဖြင့် ကျရောက်ခဲ့သည်။ နှစ်ဦးသားအပူးတွင် တွေ့မရှောင်က ခေါင်းဖြင့်တိုက်ရာ စောငမန်း နဖူးကွဲပြီး သွေးများဖြာကျခဲ့သည်။ ကြိုးဝိုင်းဆရာဝန်က စစ်ဆေးပြီး ဆက်လက်ထိုးခွင့်ပြုသဖြင့် ပွဲမှာ ပို၍မြိုင်ဆိုင်သွားခဲ့သည်။

တတိယအချီနှင့် စတုတ္ထအချီတို့တွင် နှစ်ဦးစလုံး အပူးအချုပ်များ ဘယ်ညာလက်သီးတွဲများဖြင့် ထိုးသတ်သော်လည်း ပွဲပြတ်အောင် မထိုးနိုင်ခဲ့ချေ။ နှစ်ဦးစလုံး ဝါရင့်၊ သမ္ဘာရင့်များဖြစ်၍ ငါးချီပြည့်သော်လည်း ရလဒ်မပြတ်သားသဖြင့် ပူးတွဲချန်ပီယံဖြစ်ခဲ့ရာ ပရိသတ်များ အားမလို အားမရဖြစ်ခဲ့ပြီး ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံ မိုးသီး (ရွှေဖူး) နှင့် အောင်ခဲစော (တောင်ကလေး) တို့ပွဲတွင် အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော မိုးသီးကို အောင်ခဲစောအသာစီးရအောင် မထိုးနိုင်ခဲ့ချေ။ မိုးသီး၏ တန်ပြန်ထိုးချက်များဒဏ်ကို အောင်ခဲစော ပြင်းထန်စွာခံရသော်လည်း ပွဲချိပြည့်သည်အထိ အသည်းမာမာ၊ ဖွဲ့ပါပါဖြင့် ထိုးသတ်ခဲ့သဖြင့် အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်ခဲ့သည်။

တူးတူး (နဂါးမာန်)၏ ညာဒူးဖြင့် သတ္တိအောင် (တောင်ကလေး) ဝမ်းဗိုက်ကို ထိမိထားစဉ်။

လှစ်လှစ်လေး (အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့် (ရွှေဖူး)တို့ ငါးချီပွဲတွင် အပြန်အလှန် ထိုးချက်၊ ကန်ချက်များ ပလူပျံခဲ့သော်လည်း အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်ခဲ့၍ ပရိသတ်များ အားမလို အားမရ ဖြစ်ခဲ့သည်။

ဝင်းမောက်(ရွှေဖူး)နှင့် နေလင်းအောင်(အဖြူရောင်သွေးသစ်) တို့ ငါးချီပွဲမှာ အကောင်းဆုံးဖြစ်ခဲ့သည်။ ထိုးလုံး ထိုးကွက်ကောင်းသော ဝင်းမောက်က ဘယ်ဝိုက် လက်သီးများကို တွင်တွင်သုံးသည်။ နေလင်းအောင်က တန်ပြန်ထိုးချက်များဖြင့် အတင်းဝင်သော်လည်း ဝင်းမောက်၏ ပြင်းထန်သော ဘယ်ဝိုက် လက်သီးထိပြီး ကြမ်းပြင်ပေါ်လဲကျခဲ့ရာမှ ပထမအချီမှာပင် အလဲထိုးသဖြင့် ဝင်းမောက်အနိုင်ရရှိသွားခဲ့သည်။ ပရိသတ်များ၏ အားပေးသံ ရုံပွင့်မတတ် ထွက်ပေါ်ခဲ့သည့်ပွဲဖြစ်သည်။

သရေပွဲဖြစ်

ကြယ်လေး(ရွှေဖူး)နှင့် ရဲမြင့်အောင် (အဖြူရောင်သွေးသစ်)တို့ပွဲတွင် အရပ်နိမ့်သော ကြယ်လေးက မာဂုဏ်ဖြင့် အနာခံထိုးသော်လည်း ပထမအချီ၌ပင် အမှတ်စဉ် ရေတွက်ခံရသည်။ ရဲမြင့်အောင်က ဒူးတိုက်ချက်များအားပြုခဲ့သဖြင့် ကြယ်လေးအထိနာခဲ့သော်လည်း ဇွဲကောင်းကောင်းဖြင့် ဘယ်ညာလက်သီးတွဲများသုံးကာ ငါးချီပြည့်ထိုးသတ်ခဲ့ရာ သရေပွဲဖြစ်ခဲ့သည်။

ဒေါင်းသည်းခြေ(ဝါဆို)နှင့် စောဂေါ်မူတို(သတ္တိ)တို့ပွဲတွင် အချုပ်အပူး၌ ဒူးတိုက်ချက်ပြင်းပြင်းဖြင့် ကန်ချက်များ ပလူပျံအောင်သုံးခဲ့သည့် စောဂေါ်မူတိုကြောင့် ဒေါင်းသည်းခြေ နဖူးကွဲပြီး သွေးများဖြာကျခဲ့သည်။ ကြိုးဝိုင်းဆရာဝန်ခွင့်ပြုချက်ဖြင့် အသည်းမာစွာ ရင်ဆိုင်ထိုးသတ်ခဲ့ရာ ဒေါင်းသည်းခြေ၏ ညာဖြောင့်လက်သီးများလည်း စောဂေါ်မူတို မျက်မျက်ခံခဲ့ရသည်။ ငါးချီပြည့်သည်အထိ ထိုးသတ်ခဲ့သော်လည်း အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်ခဲ့သည်။

သတ္တိအောင်(တောင်ကလေး)နှင့် တူးတူး(နဂါးမာန်)တို့ပွဲက ပွဲကောင်းဖြစ်ခဲ့သည်။ အရပ်နိမ့်သော သတ္တိအောင်က မာဂုဏ်ဖြင့် ထိုးသတ်သော်လည်း တူးတူး၏လက်သီးများက မိုးသီးမိုးပေါက်ပမာသတ္တိအောင် မျက်နှာကို ထိမှန်ရာ သွေးများဖြာကျခဲ့သည်။ တူးတူး၏ ဘယ်ညာလက်သီးတွဲလုံးများက လျှပ်ပြက်သကဲ့သို့ ထိုးသတ်ရာမှ သတ္တိအောင်လဲကျပြီး ရှုံးပွဲကြုံခဲ့ခြင်းဖြစ်သည်။ ပရိသတ်အကြိုက်ပွဲဖြစ်စေခဲ့ပြီး မြန်မာ့ရိုးရာလက်ဝှေ့သမားတို့၏ လက်ဝှေ့ရေးနှင့်သတ္တိသွေးစွေးစွေးနီကြောင်း ပြသနိုင်ခဲ့သည့်ပွဲများဖြစ်ခဲ့သည်။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး-အာကာဟိန်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၂-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၄၅ ပြည်သူတို့ရဲ့စကားသံများ
၈း၁၅ နှောင်းခေတ်တေးပဒေသာ
၈း၅၀ အတီးပြိုင်ပွဲ

ညပိုင်း

၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
၄း၂၅ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၀၀ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ Sea Games (Go For Gold) (ဘတ်စကက်ဘော)
၆း၀၀ ညနေခင်းသတင်း
၆း၂၀ ဆိုလိုက်ကြစို့
၇း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- **အမျိုးသားဂုဏ်ရည်ထင်ပေါ် ကမ္ဘာ့ဇသာဒီနန်းတော်**
- **လူမှန်နေရာမှန်** (အပိုင်း-၂) စွမ်းရည်၊ ဝင့်မ၊ မိုးတိမ်၊ လန်ဒန်၊ ငွေတိုး၊ ရွှေသွေး၊ လှိုင်ဘွား၊ ထက်ထက်ဝင်း၊ ထက်နဒီမိုး၊ မေသူအောင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

၁၀း၀၀ ပြည်တွင်းသတင်း
- အိန္ဒိယရုပ်ရှင် **စစ်မှန်တဲ့ချစ်ခြင်း** (အပိုင်း-၂)

မြစ်ကြီးနားမြို့၌ မူကြိုကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈

မြစ်ကြီးနားခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးကျင်းပသော မူကြိုကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ မူကြိုကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဘုရားငါးဆူ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ ကောင်းစံအိမ်အဆင့်မြင့်မူကြိုကျောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ ထွန်းအဆင့်မြင့်မူကြိုကျောင်း၊ မေတ္တာမွန်မူကြိုကျောင်း၊ မောင်မောင်မူကြိုကျောင်းများမှ မူကြိုကလေးများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မူကြိုကလေးငယ်များအား မြစ်ကြီးနားခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အလှူရှင်များ၊ စေတနာရှင်များက မေတ္တာလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၉၃၆၈ တိုယိုတာ၊ ကိုရိုလာဆလွန်းယာဉ် လက်ဝယ်ရှိသူ ဦးသက်ဇော်အောင် ၁၂/စခန(နိုင်)၀၄၂၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)



မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သော ဖေကြီး ဒုတိယရဲမှူးကြီးအောင်မြင့် (မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး)၏ ၁၉-၂-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ ချစ်သောမေကြီး၊ သားသမီး၊ မြေးများနှင့်အတူ ထာဝရပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
ချစ်ဇနီးနှင့်သားသမီးမြေးများ

မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရန် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်အထက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများဖိတ်ခေါ်ခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရန်အတွက် ရွှေတံဆိပ်ဆုရှင် အားကစားသမား (စေတနာ့ဝန်ထမ်း) (၄၀)ဦးလိုအပ်ပြီး အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(၂) (ကျား/မ)မရွေး၊ အသက်အရွယ် ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်သည်။
(၃) အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့်အထက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူဖြစ်ရမည်။
(၄) ကျန်းမာရေးကောင်းမွန်ပြီး မီတာ(၄၀၀)ကို မနားတမ်း ခြေကြွပြေး နိုင်သူဖြစ်ရမည်။
(၅) ရွေးချယ်ခြင်းခံရပါက အကြိုဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဖွင့်ပွဲအခမ်းအနားကျင်းပဆောင်ရွက်စဉ်ကာလအတွင်း ဝတ်စုံနှင့် စားသောက်ရေး၊ နေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေးအစီအစဉ်များကို ပံ့ပိုးဆောင်ရွက်ပေးမည်။
(၆) လျှောက်ထားသူ၏ ရောင်စုံပတ်(စ်)ပို့ဓာတ်ပုံ (၃)ပုံ၊ ကိုယ်ရေးမှတ်တမ်းနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံကိုဖော်ပြပြီး လျှောက်ထားရမည်။
(၇) လျှောက်ထားမှုကို ၃၁-၃-၂၀၁၃ ရက်နောက်ဆုံးထားပြီး အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းလျှောက်ထားနိုင်သည်-

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၄၅၄
ဦးအုန်းမြင့်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန)
ဖုန်း-၀၉-၈၃၀၄၀၇၆၊ ၀၆၇-၄၀၆၁၈၃

INVITATION FOR TENDER
The Government of the Republic of the Union of Myanmar
Ministry of Finance and Revenue
Committee on Finance
27th SEA GAMES ORGANIZING COMMITTEE
INVITATION FOR BIDS
ON SPONSORSHIP MANAGEMENT CONSULTANT

1. The Republic of the Union of Myanmar will hold 27th SEA GAME in December from 11th to 22nd in major cities of Myanmar. It will be the very first of its kind during 44 years and it will be the very first major international event after the democratization process started in the year 2011.
2. Since Myanmar has become the major topic due to its significant political change, natural resources, people, historic and scenic beauties this event will be the golden opportunity for the would-be investors to make acquaintance of and to make them known to this wonderful country which might be the last frontier of rich investment in South East Asia.
3. In view of the fore goings, bids are invited by the Committee on Finance for the selection of Sponsorship Management consultant with the following terms and conditions:-
   (1) One organization is entitled to put one bid only
   (2) One bidder only will be selected as Sponsorship Management Consultant
   (3) The winning bidder has exclusive right to dispense the following rights to the sponsors:-
      (a) Television Right
      (b) Advertising Right
      (c) Publicity Right
   (4). The sponsorships being dispensed by the Consultant shall in four levels as follows:-
      Platinum
      Gold
      Silver
      Pearl
      (Co-sponsorship)
      } Value (in USD) of each level and the right to be dispensed to each level sponsor shall be quoted by bidder
   (5) The selected Sponsorship Management Consultant shall work on commission basis and deposit of USD 100,000 must be put up at the designated bank account after signing the Exclusivity Agreement.
   (6) No territorial Limit for marketing sponsorship.
   (7) Deposit shall be refunded within 7 banking days after the event.
4. Bids shall be only on the official Bidding form and to be delivered into the Tender Box Located at the Ministry of Finance and Revenue, Office No. 26, Nay Pyi Taw no later than (16:00)hour on (6-3-2013).
5. Bids shall be opened at the Ministry of Finance and Revenue, Office No 26, Nay Pyi Taw at (10:00) am on (7-3-2013).
6. Announcement on the successful bidder will be made on 11-3-2013.
7. Official Bidding form and requirement shall be available at the Ministry of Finance and Revenue, Office No 26, Nay Pyi Taw and Tax Service Unit, No. 59/61 at the Corner of Pansodan and Merchant Street, Yangon during the office hour from (21-2-2013) to (27-2-2013) in payment of Kyat 10,000 (Kyat ten thousands).
8. Inquiry can be made at the following contact phone numbers-
   01-378370
   01-378372
   067-430071
   067-410181

Secretary
Committee on Finance

PDF Compressor Pro

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အနေ့ယာဉ်လုပ်သားမှ ပိုင်ရှင်ဖြစ်ရေး စည်ပင်မှငွေချေး

ပဲခူး ဖေဖော်ဝါရီ ၁၈

အနေ့ယာဉ် လုပ်သားများအား ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကျော်နှင့် စည်ပင်သာယာဝန်ထမ်းများ ချေးငွေထုတ်သူ အနေ့ယာဉ်လုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲမှု လျှော့ချရေးအပါအဝင် လုပ်ငန်း (၈)ရပ်ရှိသည့်အနက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို ထုတ်ယူပြီး ပိုင်ရှင်များထံမှ နေ့တွက်ဖြင့် ငှားရမ်းမောင်းနှင်နေရသည့် ဘဝမှ ကိုယ်ပိုင်ဆိုက်ကားဝယ်ယူ၍ နင်းနိုင်သည့်ဘဝရောက်ရှိအောင် ငွေထုတ်ချေးခြင်းဖြစ်ကြောင်း၊ ယနေ့ ထုတ်ချေးလိုက်သည့် ငွေကျပ်တစ်သိန်းဖြင့် ဆိုက်ကားတစ်စီးကို ဝယ်ယူပြီး ပိုင်ရှင်အဖြစ် လုပ်ကိုင်စားသောက်နိုင်ရန် ရည်သန်ခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးမှအပ အခြား မည်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်မှ ဆောင်ရွက်ဖူးခြင်းမရှိသေးပါကြောင်း၊ ယခု ချေးငွေတစ်သိန်းဖြင့် ဝယ်ယူသည့် ဆိုက်ကားတွင် လိုင်စင်မရှိပါက ချက်ချင်းပြုလုပ်ပေးမည်ဖြစ်သကဲ့သို့ လိုင်စင် ပါလာပါကလည်း အမည်ပြောင်းကို အဆင်ပြေချောမောအောင် လုပ်ကိုင်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲတစ်စုံတစ်ရာရှိပါက မိမိရုံးခန်းသို့ အချိန်မရွေး လာရောက်တွေ့ဆုံ အကူအညီတောင်းကြပါရန် ပြောကြားသွားသည်။ **(ဝဲပုံ)**

ထို့နောက် အနေ့ယာဉ်လုပ်သား ၃၆ ဦးတို့အတွက် ငွေကျပ် ၃၆ သိန်းကို တာဝန်ရှိသူများက ချေးငွေများ ပေးအပ်ကြရာ အနေ့ယာဉ်လုပ်သား ဦးစိုးတင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်မှ အနေ့ယာဉ်လုပ်သားများအား အနေ့ယာဉ်ပိုင်ရှင်ဖြစ်စေရေးအတွက် ငွေကျပ် သိန်း ၆၇၀ ကို ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(စိန်လှိုင်ဗိုလ်)**

ဆူးရဲဘုံတောင် လေယာဉ်ကွင်းတည်ဆောက်မှု မြေတိုင်းတာရေးလုပ်ငန်းဆောင်ရွက်

ဖလမ်း ဖေဖော်ဝါရီ ၁၈

ဖလမ်းမြို့ ဆူးရဲဘုံလေယာဉ်ကွင်း တည်ရှိရာ ဆူးရဲဘုံတောင်ကြောသည် ဖလမ်းမြို့မှ ခြောက်မိုင်ခန့်နှင့် ဟားခါးမြို့မှ ၃၈ မိုင်ခန့်အကွာတွင် တည်ရှိပြီး အဖြောင့်တိုင်း အကွာအဝေးမှာ အိန္ဒိယနယ်စပ်မှ ၃၂ မိုင်ခန့်၊ ကလေး လေယာဉ်ကွင်းမှ ၃၅ မိုင်ခန့်အကွာတွင်တည်ရှိသည်။ ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်း ဖြစ်သော ဆူးရဲဘုံတောင် လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းမှ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရှိ မြေတိုင်းတာရေးအဖွဲ့သည် ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၂၂ ရက်မှ ဇန်နဝါရီ ၁၆ ရက်အထိ တိုင်းတာရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဦးသန့်ဇင်မိုး ဦးဆောင်သောအဖွဲ့ဝင် ၁၀ ဦးက ပထမအကြိမ် တိုင်းတာခဲ့ပြီး ဦးတင်ထွန်း ဦးဆောင်သော ၁၀ ဦးအဖွဲ့က ဒုတိယအကြိမ် ကွင်းဆင်း၍ တိုင်းတာမှုများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ "မြေတိုင်းတာရေးလုပ်ငန်းက အဆင်ပြေပါတယ်။ ချင်းပြည်နယ်ရဲ့ ပထမဆုံးလေယာဉ်ကွင်းဆိုတော့ အကောင်အထည်ပေါ်စေချင်ပါတယ်။ တောင်တန်းဒေသမှာ လေယာဉ်ကွင်းဆောက်ဖို့ ဒီလို အဆင်ပြေတဲ့ နေရာလေးရှိနေတာဟာ အံ့ဩဝမ်းသာစရာပါ။ ပြီးတော့ ဒေသခံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကလည်း အားရကျေနပ်စရာပါ" ဟု အဖွဲ့ခေါင်းဆောင် ဦးတင်ထွန်းက ပြောပြသည်။

ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက်၌ ရွှေသခ်ီပညာရေးဖောင်ဒေးရှင်းမှ ဦးစီးပြီး (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထိမ်းအမှတ် တာဝေးအပြေးပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲတွင် ဆုရသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (စိုးလင်း)

လေယာဉ်ကွင်းတည်ဆောက်သော နေရာသည် မြောက်လတ္တီကျု ၂၂ ဒီဂရီ ၅၅ မိနစ်နှင့် ၃၈ ဒီဂရီ ၈၈ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်နှင့် ၉၆ ဒီဂရီ ၃၆ မိနစ်ကြားတွင် တည်ရှိပြီး ပြေးလမ်း ဦးတည်ရပ်မှာ ၁၈၀ ဒီဂရီ ၃၆၀ မိနစ်ဖြစ်၍ ပြေးလမ်းရရှိနိုင်မည့်ပေအရှည်မှာ ပေ ၆၀၀၀ မှ ၁၀၀၀၀ ရှိကြောင်းနှင့် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၉၀၀ ကျော်ရှိ၍ ART (သို့မဟုတ်) MA-60 အမျိုးအစား လေယာဉ်ကို အသုံးပြုနိုင်မည်ဟုသိရသည်။ လက်ရှိ ချင်းပြည်နယ်တွင် ကားလမ်းကိုသာ အဓိကအသုံးပြုနေရပြီး ဒေသအခြေအနေအရ တောင်ပြိုခြင်း၊ လမ်းကျဉ်း၍အတက်အဆင်း မတ်စောက်ခြင်းတို့ကြောင့် ခရီးသွားလာစဉ် အခက်အခဲများ ကြုံတွေ့ရတတ်ကာ လေယာဉ်ကွင်းတည်ဆောက်မှုပြီးစီးပါက တောင်ပေါ် ထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်သည့်အပြင် ရိဒ်ရေကန်၊ သမိုင်းဝင် ဘွန်နေးလ်လွင်ပြင်နှင့် ကနေဒီတောင်တန်း၊ ဟားခါးမြို့ အနောက်မြောက်ဘက် ၁၀ မိုင်အကွာရှိ အမျိုးသား သဘာဝဘေးမဲ့တော စသည့်နေရာများသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်များကြောင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဟု ဒေသခံတို့ဝမ်းသာပီတိဖြင့် ပြောကြားလျက် ရှိကြသည်။ **(၁၆၄)**

မဟာတိလောကသယမ္ဘူကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၈

သထုံ မနူဟာမင်းလက်ထက်တွင် စစ်ကူသွားသော ပုဂံ သူရဲကောင်းလေးဦး အပြန်ခရီးတွင် တည်ထားခဲ့သော လွမ်းစေတီကိုင်း၍ တည်ဆောက်ပြုပြင်ခဲ့သည်ဟု သိရသော ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက် ဘုရားကြီးလမ်း ရွှေကျင်-မဒေါက်သွားရာ ကားလမ်းမပေါ်တွင် တည်ရှိပြီး နှစ်ပေါင်း ၁၂၀ ကျော်ကြား တည်ရှိပြီးဖြစ်သော မြို့ကျက်သရေဆောင် ဆုတောင်းပြည့် မဟာတိလောကသယမ္ဘူ ကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်၊ (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်)မှ ဖေဖော်ဝါရီ ၂၆ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်)အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ရက်မတိုင်မီ မဟာတိလောကသယမ္ဘူကျောက်တော်ကြီးဘုရားအား ညောင်လေးပင်မြို့ပေါ်ရှိ သံဃာတော်အရှင်သူမြတ်တို့က ဖေဖော်ဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ဖြင့် ပူဇော်မည် ဖြစ်သည်။

ဘုရားကြီး ပွဲတော်ရက်ဖြစ်သော ဖေဖော်ဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အတွင်း လူမျိုးဘာသာမရွေး စတုဒိသာထမင်းဟင်းလျာ စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းမည့်အပြင် ပျော်ပွဲရွှင်ပွဲအနေဖြင့် ရှုမဝ အငြိမ့်သဘင် ဇာတ်ပွဲဖြင့် ကပြဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း ဂေါပကအဖွဲ့က ပြောကြားသည်။

(နေလင်း)

တောင်ငူတွင် စိတ်ကြွရူးသွပ်ဆေး ဖမ်းဆည်းရမိ

တောင်ငူ ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်အရ တောင်ငူမြို့နယ် ရဲတပ်ဖွဲ့နယ်မြေ မြို့ပေါ်ရပ်ကွက်များအတွင်း တရားမဝင် စိတ်ကြွရူးသွပ်ဆေးများ ဖြန့်ဖြူးရောင်းချမှုများကို အဖွဲ့ငါးဖွဲ့ခွဲ၍ ရှောင်တခင် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းက ဒုရဲအုပ်အောင်ကိုကို ဦးစီးအဖွဲ့(၃)က တောင်ငူမြို့ (၁၇)ရပ်ကွက် ကုန်သည်ကြီးလမ်းရှိ ဆိုင်မှ နိုင်ငံခြားတိုင်းပြည်အသီးသီးက ထုတ်လုပ်သည့် စိတ်ကြွရူးသွပ်ဆေးအမျိုးပေါင်း ၂၆ မျိုးကို ဖမ်းဆည်းရမိခဲ့ပြီး တောင်ငူ အမှတ်(၁)ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(၁၁၅)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် (၈၀၆)၊ ဦးပိုင်အမှတ်(၇၂)၊၆၂လမ်း၊ ဒေါ်ချစ် အမည်ပေါက် ဂရန်မြေကွက်အား ဦးမင်းသူ ၉/ကဆန(နိုင်)၀၀၀၀၄၈၊ ဒေါ်လှိုင်လှိုင်ဦး ၉/မနတ(နိုင်)၀၀၀၂၁၅က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၉)၊ ဦးပိုင်အမှတ် ၁၁၅၊ ကျုန်စစ်သားလမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ဒေါ်သန်းရီ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ငေါ်မြေး ၁/ဝမန(နိုင်)၀၃၄၈၉၉က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အကြောင်းကြားစာ ငွေသွင်းပြေစာမူရင်း လက်ဝယ်တွင် ပျောက်ဆုံးခဲ့ကြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအနိုင်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈စ/၉၂၃၇ Shwe Ganta Win L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စောမူ ၉/ကဆန(နိုင်)၀၅၆၄၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အအထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-(၁၁)

ခွန်စိုးမြင့်	**နှင့်**	ဦးညွန့်
ဖာမွန်းကျေးရွာ		အမှတ် (၃၀)၊ အမှတ်(၂)ရပ်ကွက်၊
တောင်ကြီးမြို့။		အေးသာယာတောင်ကြီးမြို့နယ်၊
		(ယခုလိပ်စာမသိ)
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးညွန့် အမှတ် (၃၀)၊ အမှတ်(၂)ရပ်ကွက်၊ အေးသာယာ၊ တောင်ကြီးမြို့နယ်နေ (ယခုနေထိုင်သည့်အိမ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလို ခွန်စိုးမြင့်က စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၀ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၉ရက်) မွန်းမတည့်မီအချိန်တွင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဦးအောင်သန့်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

အများသိစေရန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် ၂၅၃ နေသူ ဒေါ်စန်းယုမာ (ဘ)ဦးမောင်စိုး ၉/ပမန(နိုင်)၁၈၇၅၀၈အမည်ဖြင့် ထုတ်ပေးသော နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေရာစီမံခန့်ခွဲမှုဌာန၏ ယာယီမြေပေးလက်မှတ်မူရင်းမှာ ကျပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖော်ပြပါလိပ်စာအတိုင်း ပြန်လည်ပေးအပ်ပါရန်နှင့် ယင်းပါမစ်မြေကွက်နှင့်ပတ်သက်၍ ဒေါ်စန်းယုမာ၏ အကျိုးခံစားခွင့်အား ထိခိုက်နစ်နာစေမည့် မည်သည့်ပြုလုပ်မှုကိုမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းယုမာ
အမှတ် ၂၅၃၊ နှင်းဆီလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့

ခင်ပွန်းအဖြစ်မသက်ဆိုင်ပါကြောင်းကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ၊ ကြေးသွန်းတောင်ရပ်၊ အမှတ် ၄၈၁ တွင်နေထိုင်သူ ဒေါ်အေးအေးမြင့် ၅/ရဘန(နိုင်)၁၂၇၇၂၆ (ဘ)ဦးစိန်မြင့်၏ ခင်ပွန်းဖြစ်သူ ဦးရင်ထွေး ၁/မကတ(နိုင်)၀၅၄၅၆၂ (ဘ)ဦးထွန်းရင်သည် ဇနီးဖြစ်သူနှင့် အရွယ်မရောက်သေးသော သားသုံးယောက်အား ခုနစ်လကျော်တိုင်အောင် ကျွေးမွေးစောင့်ရှောက်ခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းနှင့် ဆက်သွယ်ခြင်းများမရှိသည့်အပြင် ခွင့်လွှတ်နိုင်ရန်အကြောင်းမရှိနိုင်သည့် အပြစ်လုပ်ရပ်များကို အကြိမ်ကြိမ်အဖန်ဖန် ပြုလုပ်ခဲ့ခြင်းကြောင့် ယနေ့မှစ၍ ဦးရင်ထွေးအား ခင်ပွန်းအဖြစ်မှ ပစ်ပယ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စတို့သည် ကျွန်မနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်တော့သကဲ့သို့ ကျွန်မ၏ကိုယ်ရေးကိုယ်တာကိစ္စများသည်လည်း ၎င်းနှင့်လုံးဝ(လုံးဝ) မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်အေးအေးမြင့် ၅/ရဘန(နိုင်)၁၂၇၇၂၆

PDF Compressor Pro

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကြေညာချက်(၄/၂၀၁၂)

နေပြည်တော်

၁၃၇၄ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်

(၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၁ရက်)

အကြောင်းအရာ။ ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများ စာရင်းရှင်းလင်း ပြန်လည်ထုတ်ယူရန်ကိစ္စ။

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အဆိုပြုလွှာများကို လက်ခံ၍ ခွင့်ပြုမိန့်များ၊ ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာများတင်သွင်းနိုင်ရန် ၂၀၀၀ပြည့်နှစ်မှစ၍ ကြေညာချက်များဖြင့် သတင်းစာတွင် ထည့်သွင်းဖော်ပြ၍ အဆိုပြုလွှာများ ခေါ်ယူခဲ့ပါသည်။

၃။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင်လည်းကောင်း၊ သတ်မှတ်လုပ်ကွက်(အသစ်)၊ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လျှောက်ထားရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ လုပ်ငန်းရှင်များထံမှ အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ငွေကျပ်တစ်သိန်းစီကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက လက်ခံခဲ့ပြီး ကျောက်မျက်ရတနာဥပဒေအများနှင့်အညီ အဆိုပြုလွှာများကို လက်ခံခဲ့ပါသည်။

၄။ လုပ်ငန်းရှင်များက ပေးသွင်းခဲ့သော အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ အာမခံစပေါ်ငွေပေးသွင်းရေး သတ်မှတ်ထားသည့် ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသော လုပ်ကွက်များအတွက် စပေါ်ငွေများကို ခုနှိမ်ပေးသွင်းခြင်း လုပ်ကိုင်ခွင့်မရရှိသော လုပ်ကွက်များအတွက် အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်ကာလအတွင်း လာရောက်ဆက်သွယ်မှုမပြုခြင်း၊ သတ်မှတ်ကာလအတွင်း အဆိုပြုငွေပေးသွင်းရန် ပျက်ကွက်ခြင်း၊ တင်သွင်းထားသော အဆိုပြုလွှာ လျှောက်လွှာများကို ပယ်ဖျက်ခွင့်တင်ပြခြင်း၊ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်သော လုပ်ကွက်များအတွက် လုပ်ငန်းရှင်က တစ်စုံတစ်ရာ ပြန်ကြားခြင်းမပြုဘဲ လူကိုယ်တိုင် လာရောက်ဆက်သွယ်မှုမပြုခြင်းတို့အတွက် ပေးသွင်းထားသော အာမခံစပေါ်ငွေများကို ဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းခဲ့ပါသည်။

၅။ အောက်ဖော်ပြပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်များ ကျန်ရှိပါသည်-

(က) ၂၀၀၅ခုနှစ် ကြေညာချက်	၂/၂၀၀၅၊ ၃/၂၀၀၅၊ ၄/၂၀၀၅၊ ၅/၂၀၀၅၊ ၆/၂၀၀၅
(ခ) ၂၀၀၆ခုနှစ် ကြေညာချက်	၁/၂၀၀၆၊ ၂/၂၀၀၆၊ ၄/၂၀၀၆၊ ၅/၂၀၀၆
(ဂ) ၂၀၀၇ခုနှစ် ကြေညာချက်	၁/၂၀၀၇၊ ၂/၂၀၀၇၊ ၃/၂၀၀၇၊ ၄/၂၀၀၇၊ ၅/၂၀၀၇၊ ၆/၂၀၀၇
(ဃ) ၂၀၀၈ခုနှစ် ကြေညာချက်	၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈၊ ၄/၂၀၀၈၊ ၅/၂၀၀၈၊ ၆/၂၀၀၈
(င) ၂၀၀၉ခုနှစ် ကြေညာချက်	၁/၂၀၀၉၊ ၂/၂၀၀၉၊ ၄/၂၀၀၉၊ ၅/၂၀၀၉၊ ၆/၂၀၀၉၊
(စ) ၂၀၁၀ပြည့်နှစ် ကြေညာချက်	၁/၂၀၁၀၊ ၂/၂၀၁၀

၆။ အထက်အပိုဒ်(၅)ပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်ရှိသည်များကို သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁ရက်မှ မတ် ၃၁ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အမြန်ဆုံး စာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့် အကယ်၍ လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ စာရင်းရှင်းလင်းခြင်းမပြုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းနေ
ဦးလှမြင့် (လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ အကြီးစားစက်ပစ္စည်းစက်ရုံ၊ အမှတ်-၂ စက်မှုဝန်ကြီးဌာန)-
ဒေါ်ကျင်ကြည်တို့၏သားငယ်

မောင်လွင်မောင်မောင်

B.E (Information Technology)

Marketing/Operation (Nippon Steel & Sumikin Engineering Co., Ltd.)

နှင့်

နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၂)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း
ဗိုလ်မှူးကြီးသောင်းရွှေ(နည်းပြအရာရှိချုပ်)-ဒေါ်ခင်သန္တာတို့၏သမီးလတ်

မချောသဇင်သောင်းရွှေ

B.E(Information Technology)

Senior IT Manager(Myanmar Telecommunication & Technology Services Co.,Ltd.)

တို့၏ ၁၇-၂-၂၀၁၃ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာပန်းကုံး ချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝဏ္ဏကျော်ထင် ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကံမြင့်သန်းနှင့်ဇနီး ဒေါ်လွင်မီသင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော ဒေါ်နှင်းရီသန့်၊ မိတ်ကပ်၊ ဆံပင် အလှဖန်တီးရှင် လင်းလင်း(Make-up Artist)၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုများဖြင့် မှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွာနီနှင့် အဖွဲ့တို့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်လွင်မောင်မောင်-မချောသဇင်သောင်းရွှေ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၄၊ မြေကွက်အမှတ်၉၂၅၊ မြေကွက်တည်နေရာအမှတ် ၉၂၅၊ (၃၄) ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးထွန်းရှိန် AD-၀၄၁၅၀၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှိန်ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်နွဲ့ ၁၂/အလန(နိုင်)၀၂၃၆၁၇ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်လေးဒေါင့်ကန်၊မြေကွက်အမှတ် ၇၉၀၊ မြေကွက်တည်နေရာအမှတ်၁၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း (ဦးကုလားပု) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကုလားပုထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်မြင့်မြင့်မေ၁၂/အစန(နိုင်)၁၂၇၉၀၄ ကပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်သကတ-၂၊မြေကွက်အမှတ်၁၀၁၄/ခ၊ မြေကွက်တည်နေရာအမှတ်၁၀၁၄/ခ၊အောင်ဘောဂလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ ဦးမြင့်ဦးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ဦးထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လှဲ့လှဲ့ဝင်း ၁၂/မဂတ(နိုင်)၀၂၈၈၉၄၊ဒေါ်အောင်သိန်းရွှေ ၁၂/ဥကမ(နိုင်)၀၆၉၁၀၁တို့က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာများတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆပ်ပြာစက်ရုံအမှတ်(၂)မှ ထုတ်လုပ်သည့် ရွှေဝါဆပ်ပြာ ၅၀၀၀၀ သေတ္တာရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။	**ရောင်းချမည့် ပစ္စည်းအမည်**	- ရွှေဝါဆပ်ပြာ ၅၀၀၀၀ သေတ္တာ
၂။	**တင်ဒါပိတ်ရက်နှင့်အချိန်**	- ၁-၃-၂၀၁၃ ရက် ၁၆း၀၀ နာရီ
၃။	**ဈေးနှုန်းတင်သွင်းရမည့်နေရာ**	- စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၃၇၇၊

ရောင်းချဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၀၈၃၈၁

အလိမ္မာ စာမှာရှိ

အမည်ပြောင်း

ဦးဇော်ဝင်း၏သား ဒေါပုံမြို့နယ်၊ အမက-၁၁၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော မောင်အောင်မင်းခန့်အား မောင်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အလက(၂)၊ အဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦးနိုင် ဖြစ်ပါသည်။

စက်မှုဝန်ကြီးဌာန

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက်

Machine Spare Parts များ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ Machine Spare Parts များအား မြန်မာကျပ်ငွေဖြင့် ၂၅-၃-၂၀၁၃ ရက် စက်ရုံအရောက် ဝယ်ယူလိုပါသည်။

(က) Machine Spare Parts For Line Plant - 1 Lot

၂။ **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၂၁-၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၂-၂၀၁၃ ရက်၊ နံနက် ၁၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်း ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

ရုံးအမှတ်(၄၁)၊ နေပြည်တော်

ဖုန်း-၀၉-၄၃၁၀၉၇၂၂

မင်္ဂလာဆုတောင်း

၁၆-၂-၂၀၁၃ရက် (စနေနေ့) နေပြည်တော်ဟိုတယ်ဇုန်ရှိ SKY PALACE HOTEL ရတနာပုံခန်းမတွင် ကျင်းပပြီးစီးခဲ့သည့် **ဗိုလ်ကြီးသန်းလင်းထွန်း (B.C.Sc) (D.S.A)** နှင့် **မခင်ခင် B.A(Eng)** တို့၏ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ပျော်ရွှင်စွာ လက်တွဲနိုင်ပါစေလို့ ဆုတောင်းလျက်...

တက္ကသိုလ်နေဝင်းအောင်နှင့် ဇနီး

မင်းမင်းလတ်(မန်းတက္ကသိုလ်)နှင့် ဇနီး

မြန်မာ့အလင်းအထူးသတင်းထောက်

နေပြည်တော်

EMERALD MYANMAR Travels & Tours

တောင်ကြီး-အင်းလေး-ပင်းတယ-ကလော

ပုဂံ-ရှမ်းကော်လေးဆူ-ဖူဂျီ-ပဒေသာ Mar, 1 (၃ည/၄ရက်)

ကျိုက်ထီးရိုး (အဆင့်မြင့်ဟိုတယ်နှင့်စရိတ်ငြိမ်း)

ချောင်းသာ၊ ငွေဆောင်၊ ငပလီ (နေ့စဉ်)

Ph: 09-49589762, 09-49589764, 09-421013999, 09-421014999

❖ မင်္ဂလာဆောင်နှံများ၊ မိသားစုများနှင့် အဖွဲ့အစည်းများအတွက် သီးသန့်ခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့် အဆင်အတန်မြင့်မြင့် စီစဉ်ပေးပါသည်။

❖ မြို့တွင်း၊ မြို့ပြင်ခရီးစဉ်များအတွက် ကားမျိုးစုံ၊ ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ်များကို ဈေးနှုန်းမှန်ကန်စွာဆောင်ရွက်ပေးပါသည်။

အမှတ်-၁၃၁၊ ရိပ်သာ (၃)လမ်း၊ ဝေဇယန္တာဥယျာဉ်၊ သဃ်္န်းကျွန်း၊ ရန်ကုန်။

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော ကျန်းမာသုတစာစဉ်သစ်မိတ်ဆက်ခြင်း

ကမ္ဘာနဲ့အဝန်းမှာ တစ်နေ့တခြား အဖြစ်များလာတဲ့ ဆီးကျောက်တည်ရောဂါကို သိရှိနားလည်ပြီး မည်သို့မည်ပုံ ကာကွယ်ကုသရမည်ကို အသေးစိတ်ရှင်းလင်း ရေးသားထားသော...

ဆီးကျောက်တည်ရောဂါ

FAME Publishing House မှ ထုတ်ဝေဖြန့်ချိလိုက်ပါပြီ...

ဖြန့်ချိရေး - FAME Publishing House ၊ အမှတ်(၂၀) မင်းကြီးမဟာမင်းခေါင်လမ်း နှင့် နဝဒေးလမ်းထောင့်၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့၊ ဖုန်း- ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃

Fax: 95-1-680122 E-mail : fph@famepharma.com

PDF Compressor Pro

ကြော်ငြာ

High Tech Concrete Co., Ltd.
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

High Tech Concrete Co., Ltd. (ရွှေပြည်သာ နှင့် ပြည်တော်) တို့မှ အောက်ပါပစ္စည်းများအား မျက်မြင် အခြေအနေအတိုင်း ရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ရေတွက်ပုံ
LOT No.1			
(1)	AG Spare Part ပစ္စည်းများ	1	Lot
LOT No.2			
(1)	5B/3349,5B/3112 (AG-Car)	2	Nos
(2)	Putzmeister 1406 (Concrete Pump)	1	Nos
LOT No.3			
(1)	5B/3341, 5B/3685 (AG-Car)	2	Nos
(2)	Putzmeister 1407 (Concrete Pump)	1	Nos
LOT No.4			
(1)	2B/4771, 2B/4772 (AG-Car)	2	Nos
(2)	Schwing Pump (Concrete Pump)	1	Nos
LOT No.5			
(1)	2B/ 4766 (AG-Car)	1	Nos
(2)	Schwing Pump (Concrete Pump)	1	Nos
(3)	2B/4773 (Crane)	1	Nos

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၂-၂၀၁၃

တင်ဒါပိတ်မည့်ရက် - ၆-၃-၂၀၁၃

တင်ဒါပိတ်မည့်အချိန် - မွန်းတည့် (၁၂) နာရီ

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

High Tech Concrete Co., Ltd.

(1) 1 (B), Yan Gyi Aung Road, Thaketa Industrial Estate, Thaketa Township, Yangon.

(2) No.42-46, Corner of Strand Road & Industrial Road, Industrial Zone (2), Shwe Pyi Thar Township, Yangon. Ph: 09-73245217

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားစနစ်ဌာန လက်အောက်ရှိ မဟာဓာတ်အားလိုင်းများ၏ တာဝါတိုင်များတွင် အသုံးပြုနိုင်ရန်နှင့် အရန်အဖြစ်ထားရှိရန် Clamp & Fitting များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၂-၂၀၁၃ရက်

တင်ဒါပိတ်မည့်ရက် - ၄-၃-၂၀၁၃ရက်

တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

တိုက်ခန်းရောင်းမည်

ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင် လမ်းမကြီးပေါ်ရှိ အောင်ချမ်းသာအိမ်ရာ ဒုတိယထပ် ပေ (၁၂½×၆၀)။

ဖုန်း-၀၉-၅၀၁၇၂၃၃

ကားရောင်းမည်

ကျပ်သိန်း ၂၁၀

TOYOTA ISIS (Platana)
2007 MDL 8 Speed 2000 cc
၄ဃ/----

ဖုန်း-၀၉-၅၀၁၇၂၃၃၊ ၀၉-၄၃၀၂၀၉၀၁

အမည်ပြောင်း

